မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်၊ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ ရက်၊ စနေနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၄၁)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး လုပ်ငန်းညှိနှိုင်းစည်းဝေး တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ✡

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ပြည်တွင်း – ပြည်ပ သတင်း၊ ဆောင်းပါးအညွှန်း

❐ ရေနံအပေါ် မှီခိုအားထားရမှု လျှော့ချရေး အစားထိုးလောင်စာများအဖြစ် နေရောင်ခြည်စွမ်းအင်၊ ဇီဝလောင်စာနှင့် ကျောက်မီးသွေးစွမ်းအင်များ တိုးမြှင့်အသုံးပြုရန် တရုတ်အစိုးရက ရေရှည်စီမံကိန်းချမှတ်ဆောင်ရွက်နေ။

နိုင်ငံတကာသတင်း (စာ-၄)

❐ သဘာဝမြေဩဇာများတွင် တိရစ္ဆာန်အညစ်အကြေးများမှရရှိသော မြေဩဇာနှင့် သီးနှံပင်အစိတ်အပိုင်း အဆွေးအမြည့်များမှရရှိသော မြေဩဇာဟူ၍ နှစ်မျိုးရှိသည်။ မြန်မာနိုင်ငံသည် ရေမြေသယံဇာတ ပေါကြွယ်ဝသည့် နိုင်ငံဖြစ်သည်။ ပြည်နယ်၊တိုင်းအသီးသီးတွင် ခြံစည်းရိုးကြက်ဆူပင်များကို သုံးနှစ်အတွင်း စိုက်ဧကငါးသိန်းစီ ပြည့်မီကျော်လွန်အောင် လျာထားစိုက်ပျိုးလျက်ရှိသည်။ ခြံစည်းရိုးကြက်ဆူအစေ့ကို ဇီဝဒီဇယ်ဆီရရှိအောင်ကြိတ်၍ ကျန်ရှိသောကြိတ်ဖတ်များကိုသီးနှံပင်များအတွက် အာဟာရဓာတ်ကြွယ်ဝသော ဩဂဲနစ်သဘာဝမြေဩဇာအဖြစ် အသုံးပြုနိုင်မည်။

မြန်မာနိုင်ငံ၌ ခြံစည်းရိုး ကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီ အောင်မြင်စွာ ထုတ်လုပ်နိုင်ပြီ။ (ယာပုံ) (စာ-၆)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းမှန်ပေါ်တွင် လျှောက်လှမ်း နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားဖြစ်ထွန်းရေး ကြိုးပမ်း

ရေသည် သက်ရှိများ အသက်ရှင်ရပ်တည်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ရေကို စိုက်ပျိုးသီးနှံထုတ်လုပ်မှု၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု၊ မြို့ပြနှင့်ကျေးလက်ပြည်သူများ အတွက် သောက်သုံးရေဖြည့်ဆည်းမှုစသည့် ကဏ္ဍများအလိုက် အသုံးချလျက်ရှိသည်။

ကမ္ဘာတစ်ဝန်း ရေအသုံးချမှုစုစုပေါင်း၏ ၆၀ရာခိုင်နှုန်းမှ ၈၀ရာခိုင်နှုန်းမှာ လယ်ယာစိုက်ပျိုးရေး ကဏ္ဍများတွင် အသုံးချနေကြောင်း တွေ့ရသည်။ နိုင်ငံအသီးသီးတွင် ရေအရင်းအမြစ် ထုတ်ယူသုံးစွဲမှု အခြေအနေအရ တိုးပွားလာသောလူဦးရေနှင့် လူတစ်ဦးချင်း ရေသယံဇာတသုံးစွဲနိုင်မှု ကျဆင်း လာဖွယ်ရှိကြောင်း သုံးသပ်လျက်ရှိကြသည်။

ယင်းသို့ ကမ္ဘာ့နိုင်ငံအများစုက ရေကို စနစ်တကျအကျိုးရှိရှိ အသုံးချနိုင်ရေး၊ ရေအရင်းအမြစ်များ ဆုံးရှုံးမှု မရှိစေရေး အသိပေးနှိုးဆော်ခြင်းများ ချမှတ်လုပ်ဆောင်နေရချိန်တွင် မြန်မာနိုင်ငံ၌ ရေသယံဇာတ အခြေခံကောင်းများ ပိုင်ဆိုင်လျက်ရှိသည်ကို တွေ့ရသည်။ ပြည်တွင်းအတွက်သာမက ပတ်ဝန်းကျင် နိုင်ငံများအတွက်ပါ စိုက်ပျိုးထုတ်လုပ်ရေးအတွက် ရေရှည်တည်တံ့ဖြည့်ဆည်းပေးနိုင်မည့် ရေသယံဇာတ များ ပိုင်ဆိုင်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာ ထုတ်လုပ်တင်ပို့မှု တိုးတက်လာရေးတို့အတွက် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်တစ်ဝန်း ရေ၊မြေအခြေအနေပေးသည့် နေရာတိုင်းတွင် ဆည်မြောင်း၊ တာတမံ၊ ရေထိန်းတံခါး၊ မြစ်ရေတင်စီမံကိန်းများကို တည်ဆောက်ပေးလျက်ရှိရာ ဆည်မြောင်း၊ တာတမံပေါင်း ၁၈၂ခု၊ ကျေးလက်ဆည်ပေါင်း ၇၇၁ခု၊ မြစ်ရေတင်စီမံကိန်းပေါင်း ၂၉၃ခုကို တည်ဆောက် ဖွင့်လှစ် ပေးနိုင်ခဲ့ပြီးဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံတော်၏စီးပွားရေးအတွက် အဓိကအရေးပါလျက်ရှိရာ လယ်ယာကဏ္ဍ ထုတ်လုပ်မှုတိုးတက်ရေး အစီအမံများကို စနစ်တကျ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ဒေသဆန်ဖူလုံရေးနှင့် ပိုလျှံထွက်ရှိရေး၊ ပြည်တွင်းစားသုံးဆီ ထုတ်လုပ်မှု တိုးတက်ရေးအတွက် မြေပဲ၊ နှမ်း၊ နေကြာသီးနှံများနှင့် နှစ်ရှည်ပင်ဖြစ်သည့် ဆီအုန်းနှင့်သစ်ဆိမ့်ပင်များကိုလည်း တိုးချဲ့စိုက်ပျိုး လျက်ရှိသည်။

ထို့အပြင် လယ်ယာအခြေခံစက်မှုလုပ်ငန်းများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပြီး ပိုလျှံသည်များကို တိုးမြှင့်တင်ပို့ရောင်းချနိုင်ရန် ဝါ၊ ကြံ၊ ဂုန်လျှော်၊ ချည်ပေါင်လျှော်၊ ရော်ဘာစသည့် စက်မှု ကုန်ကြမ်းသီးနှံများကိုလည်း စိုက်ပျိုးထုတ်လုပ်လျက် ရှိသည်။ အလားတူ ဈေးကွက်ခိုင်မာပြီး ရေ၊ မြေ အနေအထားအရ အခြေအနေပေးသည့် ပို့ကုန်အမယ်သစ်များ တိုးမြှင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် လည်း အားပေးကူညီလျက်ရှိသည်။ ယခုအခါ ကော်ဖီ၊ လက်ဖက်၊ ငရုတ်ကောင်းသီးနှံများ ထုတ်လုပ်မှု မြင့်မားရေးကို ဦးတည်အကောင်အထည်ဖော်လျက်ရှိသည်။ ထို့မျှမက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကို အထောက်အကူပြုမည့် ဇီဝဒီဇယ်ဆီ ထုတ်လုပ်ရရှိနိုင်သည့် ကြက်ဆူပင် တိုးချဲ့ စိုက်ပျိုးရေးကိုလည်း အားပေးဆောင်ရွက်လျက်ရှိသည်။

ယင်းသို့သော အခြေအနေ အချိန်အခါကောင်းတွင် တောင်သူလယ်သမားများ၊ ဒေသခံပြည်သူများ ကလည်း ဒေသအလိုက် တိုးတက်ဖြစ်ထွန်းလာသည့် အခြေခံကောင်းများ၊ အခွင့်အလမ်းများကို ထိုက်ထိုက်တန်တန် အသုံးပြုကြရန် လိုအပ်ပေသည်။ မိမိတို့၏ စိုက်ပျိုးရေးလုပ်ငန်းများ သာမက မွေးမြူရေးနှင့် အခြားကုန်ထုတ်လုပ်ရေး လုပ်ငန်းများကိုပါ တိုးတက်ဖွံ့ဖြိုးစေရန် ကြိုးပမ်းအားထုတ်ကြ ရမည် ဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ်မရှိ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် အဘက်ဘက်က စီမံဖြည့်ဆည်းပေးလျက်ရှိသည်။ အခြေခံဒေသများဖြစ်သည့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်သည်နှင့်အမျှ နိုင်ငံတော်ကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်မည်ဟူသည့် သဘောထားခံယူချက်ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို အလေးထား ချမှတ် ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများအားလုံးက မိမိတို့၏ ဒေသဖွံ့ဖြိုးရေး၊ မိမိတို့၏ လူမှုစီးပွားရေး ဘဝ တိုးတက်မြင့်မားရေးတို့အတွက် နိုင်ငံတော်အစိုးရက စီမံချမှတ်ပေးထားသည့် ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းမှန်ပေါ်တွင် ယုံယုံကြည်ကြည်ဖြင့် တည့်မတ်ခိုင်မာစွာ လျှောက်လှမ်းရင်း မိမိနိုင်ငံတော်၊ မိမိလူမျိုးနှင့် မိမိတို့ကိုယ်တိုင်၏ အကျိုးစီးပွားဖြစ်ထွန်းရေး အားထုတ်ကြိုးပမ်းသွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဖေဖော်ဝါရီ၁၃ရက်မှ ၁၅ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သည့် အာဆီယံ ပဋိညာဉ်စာတမ်း ရေးဆွဲရေးဆိုင်ရာ ထင်ပေါ်ကျော်ကြားသည့် ပုဂ္ဂိုလ်များအဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေး (2nd Meeting of the Eminent Persons' Group (EPG) on the ASEAN Charter)သို့ တက်ရောက်ခဲ့ပြီးနောက် ယမန်နေ့ ညနေပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ ဖြစ်ကြသော ဦးအောင်မြင့်နှင့် ဦးလှမြင့်ဦး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ပြန်လည်လိုက်ပါ

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံ ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းသိမ်းနှင့် ဌာနစုမှူး (၁) ဦးအောင်ကျော်မိုးတို့ ပြန်လည် လိုက်ပါလာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တာမွေမြို့နယ် (၂၀၀၅–၂၀၀၆)ခုနှစ် ပညာရည်ထူးချွန်ဆုနှင့် ဘက်စုံထူးချွန်ဆု ပေးအပ်ပွဲ အခန်းအနားကို ဖေဖော်ဝါရီ ၉ ရက်က အထက(၁) တာမွေ ပင်လုံခန်းမတွင် ကျင်းပရာ မြို့နယ် ဘက်စုံထူးချွန်ပထမ၊ စာပေ ဘာသာစုံ ထူးချွန်ပထမ သုံးနှစ်ဆက် တိုက်ရရှိသော အထက(၁) တာမွေ သတ္တမတန်း(က)မှ မမေမြတ်နိုးဝေအား ကျောင်းအုပ် ဆရာမကြီး ဒေါ်ဝင်းလဲ့က ဆုချီးမြှင့်စဉ်။

(က–ပ)

နှစ်ဖက်မိဘများအား ရည်စူး၍ အမှတ် ၁၇၇ ဝါးတန်းလမ်း လမ်းမတော်မြို့နယ်နေဦးတိတ်ဂွမ်–ဒေါ်ထူး (ခ) ဒေါ်ကျင်စိန်(ကိုးပါးဆေး)မိသားစုက ဗဟန်းမြို့နယ် ဓိဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် ကျပ်နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ နာယက ဦးချစ်လှိုင် လက်ခံယူစဉ်။

(က–ပ)

မြဝတီရုပ်မြင်သံကြား

၁၈–၂–၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"ကာယာနုပဿနာ သတိပဋ္ဌာန်"**

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၁၅ ၄။ ကျန်းမာသုတ
- ၁၂:၃၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂:၅၀ ၆။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"ချစ်ပန်းနေကြာ"** (အပိုင်း–၁)
- ၀၁:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄:၃၀ ၄။ မြန်မာသံစဉ်ချိုနှားဝင်
- ၄:၄၅ ၅။ မျိုးချစ်တပ်မတော်
- ၅:၁၅ ၆။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၃၀ ၇။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၅:၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၃။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နေခြည်ဖြာမှ"**(အပိုင်း–၁၃)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၈။ FA cup ဘောလုံးပွဲအစီအစဉ် Liverpool Vs Manchester United

မကွေးမြို့ ကန်သာရပ် အောင်မြေရတနာကျောင်းတိုက် (၂၅)နှစ်ပြည့်အထိမ်းအမှတ် ငွေရတုပူဇာမင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မကွေးမြို့ ကန်သာရပ် အောင်မြေရတနာ စာသင်တိုက်၏ (၂၅)နှစ်ပြည့် အထိမ်းအမှတ် ငွေရတုပူဇာ မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

ရှေးဦးစွာ အောင်မြေရတနာကျောင်းတိုက် ငွေရတုအထိမ်းအမှတ် မော်ကွန်းကျောက်စာ ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ ကျောင်းတိုက်၏ ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိစ္စသာရနှင့်အတူ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ တပ်မ(၈၈) တပ်မမှူး ဗိုလ်မှူးချုပ်ထွန်းထွန်းဦးနှင့် အလှူရှင်များက ဖဲကြိုးဖြတ် ဖွင့်လှစ်ပြီး **(အောက်ပုံ)** နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

သီဆိုပူဇော်

ထို့နောက် မွန်းလွဲပိုင်းတွင် အခမ်းအနားကို ဆက်လက်ကျင်းပရာ ရေနံချောင်းမြို့ ရွှေတောင်ပါဠိတက္ကသိုလ်မှ အရှင်ရေဝတရေးဖွဲ့သော ငွေရတုပူဇာမင်္ဂလာ အခါတော်ကြား ဧကပိုဒ်လင်္ကာကို နိုင်ငံကျော် အဆိုတော် ခင်ညွန့်ရည်က သီဆိုပူဇော်သည်။ ဆက်လက်၍ သံဃာတော်များ အမှူးပြုသော ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ မကွေးဆရာတော်ကြီးထံမှ သီလခံယူ ဆောက်တည်ကြသည်။ ထို့နောက် သံဃာတော်များက ပရိတ် တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ကြပြီး အလှူရှင်များက လှူဖွယ်ဝတ္ထု အစုစုတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ငွေရတုမင်္ဂလာသဘင် ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ အောင်မြေရတနာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိစ္စသာရက လျှောက်ထားပြီး တေးရေးဆရာ ဗိုလ်ချုပ်မြေ-မြင့်ဆွေ ရေးဖွဲ့ပူဇော်သော **"ငွေရတုဘွဲ့ ဓမ္မဂီတိ"**သံဆန်း သီချင်းကို **"ငွေရတုဓမ္မရံသီ"**ကျောင်းအမ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာနီလာသိန်းက သီဆိုပူဇော်သည်။

လျှောက်ထား

ဆက်လက်၍ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက သာသနာရေးဆိုင်ရာများလျှောက်ထားသည်။

ထို့နောက် မကွေးဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှဝေပြီး အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းလိုက်သည်။

အဆိုပါ ငွေရတုသဘင်တွင် ဖေဖော်ဝါရီ ၈၊၉၊၁၀ ရက် ညများ၌ မန္တလေးမြို့မှ ဘဒ္ဒန္တတိက္ခ(ဝါခင်းကုန်းဆရာတော်)၊ ဘဒ္ဒန္တသူရိယာဘိဝံသ (မိုးတားဆရာတော်)၊ ဘဒ္ဒန္တယာနိက(ရွှေခြံဆရာတော်)တို့က ငွေရတု ဓမ္မပူဇာ တရားတော်များ ဟောကြားကြသည်။

အဆိုပါ ငွေရတုသဘင်တွင် ကျောင်းတိုက်အတွင်းရှိ သံဃာအပါး ၄၀၀၊ တိုက်ထွက်တပည့်ဟောင်း သံဃာ ၁၁၄ ပါး၊ ပင့်သံဃာ ၃၀၁ ပါး စုစုပေါင်း သံဃာတော် ၈၁၅ ပါးတို့အား လှူဖွယ်ဝတ္ထုအစုစုကို ဆက်ကပ်လှူဒါန်းကြသည်။ ငွေရတု သဘင်အခမ်းအနားသို့ သံဃာတော်များ၊ ရပ်ဝေးရပ်နီးမှ ဧည့်ပရိသတ်များ၊ မကွေးမြို့မှ မြို့မိမြို့ဖများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျောင်းတိုက်အသီးသီး၏ ကျောင်းဒကာ၊ ကျောင်းအမများနှင့် ဆွေမျိုးမိတ်သင်္ဂဟများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၄ ရက်က မင်းဘူး(စကုမြို့နယ်)၌ကျင်းပသည့် ကြက်ဆူပင်ပျိုးပွဲတော်များ၌ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးဇော်သိန်းနှင့် မင်းဘူး ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးမျိုးတင့်တို့က ကြက်ဆူပင်မျိုးကိုင်းနှင့် မျိုးစေ့များ ပျိုးထောင်စိုက်ပျိုးပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ပြည်ထောင်စုနေ့ အစီအစဉ်

"တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲပါက လွတ်လပ်ရေးဆုံးရှုံးမည်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် အရောက်ချီတက်ကြပါစို့"

တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် ရွှေပန်းခင်းစာကြည့်တိုက် ဖွင့်လှစ်ပေး ကြက်ဆူပင်မျိုးကိုင်းနှင့် ကြက်ဆူမျိုးစေ့များ ပျိုးထောင်စိုက်ပျိုး ကြက်ဆူဆီသုံးယာဉ်များအား လက်တွေ့မောင်းနှင်မှု ကြည့်ရှုအားပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်သည် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီက ရမ်းဗြဲမြို့ ရမ္မာသီခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများအားတွေ့ဆုံရာ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်က ရမ်းဗြဲမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်မှုများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက စီမံကိန်းလုပ်ငန်းများ အောင်မြင်ရေးအတွက် စနစ်တကျကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြရေးနှင့် ကြက်ဆူပင်တိုးချဲ့စိုက်ပျိုးရေးမှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ ဆေးရုံ ဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းသည်။

စာကြည့်တိုက်ဖွင့်ပွဲ

ဆက်လက်၍ တိုင်းမှူးသည် ပုလုပ်တောင် အခြေခံပညာအလယ်တန်းကျောင်း၌ ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီးနောက် ကုန်းဘောင်(၁)စံပြကျေးရွာ စာကြည့်တိုက်အနီး ရှင်းလင်းဆောင်၌ ကျင်းပသော ရွှေပန်းခင်းစာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ် ဦးစီးမှူး ဦးငွေထွန်းက စာကြည့်တိုက်နှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး ရွှေပန်းခင်းစာကြည့်တိုက်ဖြစ်မြောက်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးဦးသန်းက စာကြည့်တိုက် ဖြစ်ပေါ်လာပုံကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက ရွှေပန်းခင်းစာကြည့်တိုက်အတွက် စာအုပ်များနှင့် စာကြည့်တိုက် ရန်ပုံငွေကျပ်တစ်သိန်းကို စာကြည့်တိုက်မှူး ဦးဉာဏ်သိန်းထံသို့လည်းကောင်း၊ ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ရင်က စာကြည့်တိုက် ရန်ပုံငွေအတွက် ငွေကျပ်တစ်သိန်းကို ကျေးရွာအသင်းဝင်ဦးကျော်တင့်ဦးထံသို့လည်းကောင်း အသီးသီးပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်မြို့ သမ္မတသင်္ကန်းတိုက်ပိုင်ရှင် သီဟသုဓမ္မမဏိဇောတဓရ သီရိသုဓမ္မမဏိဇောတဓရအဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင်နှင့်ဇနီး သီဟသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ဆွေ မိသားစုက လှူဒါန်းသော ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးကို သမ္မတသင်္ကန်းတိုက် အထွေထွေမန်နေဂျာ ဦးရွှေမောင်က ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ရွှေပန်းခင်းစာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက ရွှေပန်းခင်း စာကြည့်တိုက် ဆိုင်းဘုတ်ကို ရွှေကြိုးဆွဲ၍ ဖွင့်လှစ်ပေးကြပြီးနောက် တိုင်းမှူးနှင့် ဧည့်သည်တော်များသည် စာကြည့်တိုက်အတွင်း လှည့်လည် ကြည့်ရှုအားပေးကြသည်။ ညနေပိုင်းတွင် တိုင်းမှူးသည် ဝမ်းပိုက်တံတားသို့ ရောက်ရှိ ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုအားပေး

ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် တိုင်းမှူးသည် မအီမြို့သို့ သွားရောက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး စိုက်ကွင်း၌ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင်စုပေါင်းပျိုးထောင်ပွဲနှင့် စက်ယန္တရားများ မောင်းနှင်သရုပ်ပြပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား၍ တက်ရောက်လာကြသူများနှင့်အတူ ကြက်ဆူမျိုးကိုင်းနှင့် မျိုးစေ့များကို ပျိုးထောင်စိုက်ပျိုးပေးကြပြီး စက်မှုလယ်ယာဦးစီးဌာနမှ ကြက်ဆူဆီသုံး မီးဖိုအသုံးပြုပြသခြင်း၊ ထော်လာဂျီနှင့် မော်တော်ယာဉ်များအား လက်တွေ့မောင်းနှင် သရုပ်ပြမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူးသည် မြို့နယ်အစည်းအဝေးခန်းမ တည်ဆောက်နေမှုကိုလည်းကောင်း၊ မြို့နယ်ပြည်သူ့ဆေးရုံသစ်ဆောက်လုပ်မည့် မြေနေရာသို့လည်းကောင်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးဆောက်လုပ်မည့် နေရာသို့လည်းကောင်း၊ မြို့နယ်အခြေခံပညာအထက်တန်းသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆုများချီးမြှင့်

ညနေပိုင်းတွင် တိုင်းမှူးသည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ရေးပြကွင်း၌ ကျင်းပသော ဒုတိယအကြိမ် ထမနဲထိုးပြိုင်ပွဲသို့ တက်ရောက်အမှာစကားပြောကြား၍ ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်မှုကို ကြည့်ရှု အားပေးကာ ဆုရအသင်းများအား ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ဈေးကွက်များတွင် ရောင်းချနေသော အောက်ဖော်ပြပါဆေးဝါးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း(မရှိ)သော ဆေးဝါးများဖြစ်ပါကြောင်းနှင့် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများမှာ အရည်အသွေးအာမခံချက်မရှိပါကြောင်း အသိပေးအပ်ပါသည်။

စဉ်	ဆေးအမည်	ထုတ်လုပ်သည့်ကုမ္ပဏီအမည်	နိုင်ငံ
၁။	Furosemide Injection 2ml 20mg	တရုတ်စာသားများဖြင့် ဖော်ပြထားပါသည်။	တရုတ်စာသားများဖြင့် ဖော်ပြထားပါသည်။
၂။	Cimetidine Injection (0.2g of Cimetidine / 2ml)	Shanghai Modern Hasen (Shangqiu) Pharmaceutical Co., Ltd.	P.R.C
၃။	Atropine Sulfate Injection 1ml:0.5mg	တရုတ်စာသားများဖြင့် ဖော်ပြထားပါသည်။	တရုတ်စာသားများဖြင့် ဖော်ပြထားပါသည်။
၄။	Cimetidine Capsules 0.2g/ capsule	Shanghai Modern Hasen (Shangqiu) Pharmaceutical Co., Ltd.	China
၅။	Hydrocortisone Injection 2ml:10mg	တရုတ်စာသားများဖြင့် ဖော်ပြထားပါသည်။	တရုတ်စာသားများဖြင့် ဖော်ပြထားပါသည်။

၂။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

၃။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ရေနံအပေါ် မှီခိုအားထားရမှုလျှော့ချရေး အစားထိုးလောင်စာများအဖြစ် နေရောင်ခြည်စွမ်းအင်၊ ဇီဝလောင်စာနှင့် ကျောက်မီးသွေးစွမ်းအင်များ တိုးမြှင့်အသုံးပြုရန် တရုတ်အစိုးရက ရေရှည်စီမံကိန်းချမှတ်ဆောင်ရွက်

နိုင်ငံတကာ သတင်းများ

ပေကျင်း ဖေဖော်ဝါရီ ၁၇

တရုတ်နိုင်ငံသည် ရေနံအပေါ်မှီခိုအားထားရမှုများကို လျှော့နည်းစေရန်အတွက် သမားရိုးကျမဟုတ်သော လောင်စာများအား တိုးမြှင့်အသုံးပြုရေး ရေရှည်စီမံကိန်းတစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း ချိုင်းနားဒေလီးသတင်းစာက ဖေဖော်ဝါရီ ၁၄ရက် အင်္ဂါနေ့၌ ဖော်ပြလိုက်သည်။

ထို့သို့ သမားရိုးကျမဟုတ်သော အစားထိုးလောင်စာစွမ်းအင်များကို အသုံးပြုရာ၌ နေရောင်ခြည်စွမ်းအင်နှင့် ဇီဝလောင်စာစွမ်းအင်များအပြင် ကျောက်မီးသွေးမှ ရရှိသောစွမ်းအင်များသည် အနာဂတ်ကာလတွင် သမားရိုးကျမဟုတ်သော အဓိကအစားထိုးစွမ်းအင်များ ဖြစ်လာကြမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ အမျိုးသားဖွံ့ဖြိုးတိုးတက်မှုနှင့် ပြုပြင်ပြောင်းလဲမှုကော်မရှင် (အင်န်ဒီအာစီ)က ပြောကြားသည်ဟု အဆိုပါသတင်းစာ၌ ဖော်ပြထားသည်။

တရုတ်နိုင်ငံအနေဖြင့် လာမည့် ၂၀၂၀ ပြည့်နှစ်တွင် အစားထိုးလောင်စာစွမ်းအင်သုံးစွဲမှုအနေဖြင့် ခုနစ်ရာခိုင်နှုန်းမှ ၁၃ ရာခိုင်နှုန်းအထိ လက်ရှိရေနံစွမ်းအင်ကို အစားထိုးအသုံးပြုနိုင်ရန်မျှော်မှန်းထားသည်။

ဆောင်ရွက်သွားမည်

"ရေနံအစားထိုးစွမ်းအင်ဆိုင်ရာမဟာဗျူဟာ" စီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်ကို ဦးဆောင်ဦးရွက်ပြုမည့် အစိုးရဌာနအချို့မှ ပုဂ္ဂိုလ်များပါရှိသော အဖွဲ့တစ်ဖွဲ့မှာ ယခုသီတင်းပတ်ကုန်ပိုင်းတွင် အစည်းအဝေးတစ်ရပ်ပြုလုပ်ပြီး အတည်ပြုချက်ရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်သည်ဟု အင်န်ဒီအာစီမှ စွမ်းအင်ဆိုင်ရာ အရာရှိကြီးတစ်ဦးဖြစ်သူ မစ္စတာဝူယင်က ချိုင်းနားဒေလီသတင်းစာသို့ ပြောကြားသည်။

တင်ပြဆွေးနွေးမည်

ထိုအစည်းအဝေးမှ ၂၀၀၆ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ စီမံကိန်းရေးဆွဲထားမှုအစီအရင်ခံစာကို တရုတ်နိုင်ငံ၏ အမျိုးသားပြည်သူ့ကွန်ဂရက်၏ နှစ်ပတ်လည်အစည်းအဝေးသို့ တင်ပြဆွေးနွေးမည်ဖြစ်ကြောင်း၊ အမျိုးသားပြည်သူ့ကွန်ဂရက်၏ နှစ်ပတ်လည်အစည်းအဝေးကို လာမည့်လတွင် ကျင်းပမည်ဖြစ်ကြောင်း မစ္စတာဝူယင်က ထပ်မံပြောကြားသည်။

တရုတ်နိုင်ငံအနေဖြင့် ရေနံအစားထိုးလောင်စာစွမ်းအင်ကို ၂၅ ရာခိုင်နှုန်းအထိ တိုးမြှင့်သုံးစွဲရမည်ဖြစ်ကြောင်း ထိုသို့သုံးစွဲရမှု အနေအထားမှာ ကမ္ဘာတွင် အမြင့်မားဆုံးပင်ဖြစ်ကြောင်း အင်န်ဒီအာစီဒုတိယဥက္ကဋ္ဌ မစ္စတာကျန်ကောဘိုက ပြောကြားလိုက်သည်။

အမြင့်မားဆုံး

တရုတ်နိုင်ငံသည် ၂၀၀၄ ခုနှစ်ကုန်၌ နေစွမ်းအင်အစားထိုးသုံးစွဲမှုသည် ကမ္ဘာ့နေရောင်ခြည်စွမ်းအင်သုံးစွဲမှု စုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းအထိရှိခဲ့ရာ တစ်ကမ္ဘာလုံးတွင် နေစွမ်းအင်သုံးစွဲမှု အမြင့်မားဆုံး နိုင်ငံလည်းဖြစ်သည်။

အစားထိုးလောင်စာစွမ်းအင်ကို အခြားနည်းလမ်းများမှ ရရှိရေးကိုလည်း တိုးမြှင့်ဆောင်ရွက်သွားရန် တရုတ်အစိုးရက ဆုံးဖြတ်ထားပြီးဖြစ်ရာ ကြံ၊အာလူး၊ ဂျုံနှင့် ပြောင်းဖူးတို့မှလည်း စွမ်းအင်ထုတ်လုပ်ရန်ဆောင်ရွက်သွားမည် ဖြစ်သည်။

တရုတ်နိုင်ငံပေကျင်းမြို့ရှိ လမ်းမကြီးတစ်ခုပေါ်တွင် တိုးပွားများပြားလာသော မော်တော်ယာဉ်များကို ဖေဖော်ဝါရီ၁၄ရက်က ဤသို့တွေ့ရသည်။ (ဓာတ်ပုံ–အင်တာနက်)

တရုတ်နိုင်ငံ၏ပြည်နယ်ငါးခုတွင် ယခုလောလောဆယ်၌ အဆိုပါပစ္စည်းများမှထုတ်လုပ်ရရှိသော လောင်စာစွမ်းအင်ဖြင့် မော်တော်ယာဉ်များတွင်ထည့်သွင်းအသုံးပြုလျက်ရှိသည်ဟုလည်း ချိုင်းနားဒေလီးသတင်းစာ၌ ဖော်ပြထားသည်။

လာမည့်ငါးနှစ်မှ ၁၀နှစ်အတွင်း တရုတ်နိုင်ငံတွင် ကျောက်မီးသွေးမှ ထုတ်လုပ်သော လောင်စာဆီ တန်ချိန် ၁၆ သန်းကို နှစ်စဉ်ထုတ်လုပ်နိုင်ရန် စက်ရုံများတည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံ သုံးစွဲသွားရန် တရုတ်အစိုးရက စီမံကိန်းချမှတ်ထားကြောင်း ပြီးခဲ့သည့်သီတင်းပတ်က ထုတ်ပြန်သော တရုတ်နိုင်ငံ၏ ရေနံဆိုင်ရာသတင်းများ၌ ဖော်ပြထား သည်။

အဆိုပါ စက်ရုံများကို ကျောက်မီးသွေးပေါ်များစွာ တည်ရှိသည့် ရှန်စီ၊ ရှန်းစီနှင့် ယူနန်ပြည်နယ်များတွင် လည်းကောင်း၊ အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌လည်းကောင်း တည်ဆောက်သွားမည် ဖြစ်သည်။

(စထရိတ်တိုင်းမ်)

အာရှလင်းပိုင်များ မျိုးသုဉ်းတော့မည့်အနေအထားရှိ

ဖနောင်ပင် ဖေဖော်ဝါရီ ၁၇

ကမ္ဘောဒီးယားနိုင်ငံတွင် ပြီးခဲ့သည့် သီတင်းပတ်အနည်းငယ်က ငါးဖမ်းပိုက်များတွင် သေဆုံးနေသော လင်းပိုင်များကို တွေ့ရှိခဲ့ရပြီးနောက် ရှားပါးသော အာရှလင်းပိုင်များ မျိုးသုဉ်းပျောက်ကွယ်တော့မည့် အနေအထားသို့ တဖြည်းဖြည်း ရောက်ရှိလာပြီ ဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံအရာရှိများက ဖေဖော်ဝါရီ ၁၅ ရက်၌ ပြောကြားလိုက်သည်။

ဖေဖော်ဝါရီ ၁၃ ရက် တနင်္လာနေ့က ကမ္ဘောဒီးယားတံငါသည်များ၏ ငါးဖမ်းပိုက်အတွင်း လင်းပိုင်ငယ်နှစ်ကောင်ဖမ်းဆီးရမိခဲ့ရာ ပြီးခဲ့သည့် ဒီဇင်ဘာလအစောပိုင်းက စတင်ပြီး ယခုအချိန်အထိ လင်းပိုင်၁၀ကောင်ရှိပြီဖြစ်ကြောင်း ဖနောင်ပင်မြို့မှအရှေ့မြောက်ဘက်မိုင် ၁၃၀ခန့်အကွာက ရာတီပြည်နယ်မှငါးလုပ်ငန်းအရာရှိ တစ်ဦးဖြစ်သူ လန်ဆန်က ပြောကြားသည်။

ယခုကဲ့သို့ အာရှလင်းပိုင်များ သေဆုံးရမှုသတင်းမှာ စိုးရိမ်ဖွယ်ရာကောင်းကြောင်း၊ အရေးတကြီးဆောင်ရွက်ရမည့် ကိစ္စဖြစ်ကြောင်း ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များဆိုင်ရာ ရန်ပုံငွေအဖွဲ့၏ မဟာမဲခေါင်အစီအစဉ်မှ ရောဘတ်မက်သာက ပြောကြားသည်။

ယုံကြည်ထား

အာရှဒေသရှိ ရေပြင်အချို့နှင့် ထိုင်းကမ်းရိုးတန်းတစ်လျှောက်တွင် အခြားငါးမျိုးစိတ်များနှင့်အတူ လင်းပိုင်ကောင်ရေ ၁၀၀၀ခန့်နေထိုင်ကျက်စားလျက်ရှိသည်ဟု ယုံကြည်ထားသည်။

ယခုအခါ လင်းပိုင်များ နေထိုင်ကျက်စားရာရေပြင်တွင် ငါးဖမ်းပိုက်များဖြင့် ငါးဖမ်းခြင်းကိုပင် ခွင့်မပြုသင့်ကြောင်း၊ သို့သော် ငါးဖမ်းခြင်းခွင့်မပြုသည့် အမိန့်ကို ထုတ်ပြန်ရန်လည်း နှောင့်နှေးလျက်ရှိကြောင်း ရောဘတ်မက်သာက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ



ရှားပါးသော အာရှလင်းပိုင်ကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဘဂ္ဂဒက်တွင်ကားဗုံးပေါက်ကွဲ မော်တော်ယာဉ်ငါးစီးမီးလောင်

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၇

ဘဂ္ဂဒက်မြို့ အရှေ့ပိုင်းရှိရဲတပ်ဖွဲ့ကင်းလှည့်ယာဉ် အနီးတွင် ဖေဖော်ဝါရီ၁၅ရက်ကကားဗုံးတစ်လုံးပေါက်ကွဲခဲ့သဖြင့် သေဆုံး ဒဏ်ရာရရှိသူများ ရှိခဲ့ပြီး အရပ်သား မော်တော်ယာဉ်ငါးစီး မီးလောင်သွားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ဖော်ပြ

ရဲကင်းလှည့်ယာဉ်သည်နည်းပညာတက္ကသိုလ်အနီးလမ်းဘေးရှိ ယာဉ်ရပ်နားစခန်းအနီး ဖြတ်သွားစဉ် ယင်းသို့ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြပါရှိသည်။

မီးလောင်

ပြင်းထန်သည့် အဆိုပါပေါက်ကွဲမှုတွင် ရဲတပ်ဖွဲ့ကင်းလှည့်ယာဉ်မှာ သိသိသာသာ လွတ်မြောက်သွားခဲ့သော်လည်း အရပ်သားကားငါးစီးမှာ မီးလောင်သွားခဲ့ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဩစတြေးလျ၌ အဆိပ်ရှိ ဖားပြုပ်များ ပျံ့နှံ့လာနေ

ဆစ်ဒနီ ဖေဖော်ဝါရီ ၁၇

ဩစတြေးလျနိုင်ငံ၌ အဆိပ်ရှိကိန်းဖားပြုပ်များသည် ယခင်ကထက်ပို၍ ကျယ်ပြန့်စွာသွားလာနေသည်ကို တွေ့ရကြောင်း ဩစတြေးလျသိပ္ပံပညာရှင်များက နေးခြားဂျာနယ်တွင် ရေးသားဖော်ပြထားသည်။

တွေ့ရှိ

အဆိုပါကိန်းဖားပြုပ်များကို ဩစတြေးလျနိုင်ငံ၌ လွန်ခဲ့သောနှစ်ပေါင်း ၇၀မှစပြီးထိန်းချုပ်ရေးအတွက် ဆောင်ရွက်ခဲ့သည်ဟုဆိုသည်။ ယင်းဖားပြုပ်များကို စတုရန်းကီလိုမီတာတစ်သန်းကျော်အတွင်း၌ တွေ့ရှိနေရသည်။

ယင်းဖားပြုပ်များကို ဇီဝဗေဒအခေါ်အားဖြင့် (Bufo Marinus) ဟုခေါ်သည်။ အလေးချိန် နှစ်ကီလိုဂရမ်ခန့်ရှိပြီး ၎င်းအဆိပ်ရှိသော ဖားများသည် ပြန့်ပွားလာလျက်ရှိသည်။ ၁၉၃၅ခုနှစ်က ကွင်းစလင်းပြည်နယ်သို့ ရောက်ရှိလာပြီးကတည်းက ဩစတြေးလျနိုင်ငံတစ်ဝန်း အခြားသောသတ္တဝါများ ယင်းတို့၏အဆိပ်ကြောင့် သေကျေနေရသည်။

ပျံ့နှံ့ရောက်ရှိ

ယင်းကိန်းဖားပြုပ်များကို ဩစတြေးလျနိုင်ငံမြောက်ပိုင်း ဒါဝင်အရှေ့ပိုင်း ကီလိုမီတာ ၆၀အကွာနေရာ၌ ပျံ့နှံ့ရောက်ရှိလာပြီဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါသိပ္ပံပညာရှင်များက ဖားပြုပ်များကို ဖမ်းဆီး၍ စစ်ဆေးမှုများပြုလုပ်ရန် ၎င်းတို့ သွားလာရာလမ်းကြောင်းတစ်လျှောက် သိရှိနိုင်ရန် ဖားပြုပ်များ၏ခါးတွင် တိုင်းတာရေးကိရိယာများ တပ်ဆင်ပေး၍ ပြန်လွှတ်ပေးခဲ့သည်။ ယင်းဖားပြုပ်များသည် ယခင်ကထက် ငါးဆပိုမြန်၍ သွားလာနိုင်သည်ကို တွေ့ရသည်။ ယင်းတို့သည် တစ်နှစ်လျှင်ပျမ်းမျှအားဖြင့် ၅၅ ကီလိုမီတာခန့် သွားလာနိုင်ကြောင်း ဒေါက်တာ ဖီးလစ်က ပြောကြားသည်။ ယင်းဖားပြုပ်များသည် မြွေများ၊ ပုတ်သင်ညိုနှင့် အခြားသော နို့တိုက်သတ္တဝါများကို ယင်းတို့၏ အဆိပ်ရည်များ ဖျန်းချခြင်းဖြင့် ဖမ်းယူစားသောက်လေ့ရှိသည်။

ထိုကဲ့သို့ ဖားပြုပ်များပျံ့နှံ့လာခြင်းကြောင့် ဩစတြေးလျနိုင်ငံက ထိန်းချုပ်ရေးအတွက် ကြိုးပမ်းလျက်ရှိရာ ဒေါ်လာ ၆၄သန်းကုန်ကျနိုင်သဖြင့် စီးပွားရေးအရ ထိခိုက်လာနိုင်ကြောင်း ဒေါက်တာဖီးလစ်က ပြောကြားသည်။ **(အင်တာနက်)**

ဩစတြေးလျနိုင်ငံ၌ ပျံ့နှံ့လာသော ကိန်းဖားပြုပ်ကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

စနေဂြိုဟ်ပေါ်မှ ထူးခြားသည့်အသံများ ကက်စီနီအာကာသယာဉ်မှ ဖမ်းယူရရှိ

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၁၇

စနေဂြိုဟ်ပေါ်၌ ကြီးမားသည့် မိုးကြိုးမုန်တိုင်းဖြစ်ပေါ်ရာမှ ထူးခြားသည့်အသံများကို ကက်စီနီအာကာသယာဉ်က ဖမ်းယူရရှိကြောင်း နာဆာ၏ ကက်စီနီအာကာသယာဉ်နှင့်အတူ အလုပ်လုပ်ကိုင်နေသည့် သိပ္ပံပညာရှင်များက ဖေဖော်ဝါရီ ၁၄ရက်တွင် ပြောကြားသည်။

ဇန်နဝါရီ ၂၃ရက်နှင့် ၂၄ရက်က စနေဂြိုဟ်ပေါ်တွင် မိုးကြိုးမုန်တိုင်းကို မြင်ရချိန်၌ အဆိုပါထူးခြားသည့် အသံများကို ကက်စီနီအာကာသယာဉ်မှ ဖမ်းယူရရှိခဲ့ခြင်း ဖြစ်သည်။ အာကာသယာဉ်သည် ၂၀၀၄ ခုနှစ် ဇူလိုင်လ ၁ရက်ကတည်းက စနေဂြိုဟ်နှင့် ၎င်း၏အရန်လများကို လှည့်ပတ်နေခြင်း ဖြစ်သည်။

စီမံခန့်ခွဲ

ကက်စီနီ အာကာသယာဉ်ကို ကယ်လီဖိုးနီးယားပြည်နယ် ပါဆာဒီနား၌ အခြေစိုက်သည့် နာဆာ၏ ဂျက်တွန်းကန်မှု လက်တွေ့စမ်းသပ်ခန်းက စီမံခန့်ခွဲခဲ့ခြင်းဖြစ်သည်။

ယင်း အသံများအကြောင်းကို ပိုမိုခွဲခြားသိရှိရန် မိမိတို့ ဆက်လက်စူးစမ်း ရှာဖွေသွားမည်ဖြစ်ကြောင်း၊ ထုတ်လွှတ်သည့် အစီအစဉ်တိကျမှုနှင့် အချိန်တိုကလေးအတွင်း စွမ်းအင်အချို့ထုတ်လွှတ်သည့် လင်းလက်သော မီးပွင့်များကို စူးစမ်းသွားမည်ဖြစ်ကြောင်း လိုဝါတက္ကသိုလ်မှ ဘီလ်ခရက ပြောကြားသည်။

မိုးကြိုးပစ်သည်ကို ကက်စီနီမှ ယခုတစ်ကြိမ်သာ မြင်ရခြင်းမဟုတ်သော်လည်း ယခုအကြိမ်သည် ကြီးမားသည့် မိုးကြိုးမုန်တိုင်းတစ်ခု ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား



ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့ပြတိုက်၌ ပြသထားသော ရှေးဟောင်း ခက်ရင်းခွတစ်ခုကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဒေါ်လာသန်း ၆၀ ခန့်တန်သော ခက်ရင်းခွ

အဆိုပါ ခက်ရင်းခွမှာ ဩစတြီးယားနိုင်ငံအရှေ့မြောက်ပိုင်း ကျေးရွာတစ်ရွာအနီးမှ ရှာဖွေတွေ့ရှိခဲ့ရခြင်းဖြစ်ပြီး လွန်ခဲ့သော ၁၆ ရာစုခန့်က ရှေးခေတ်လူသားတို့ အသုံးအဆောင် ပစ္စည်းတစ်ခုဖြစ်ကြောင်း သုတေသန ပညာရှင်များကို ပြောကြားသည်။ ထိုခက်ရင်းခွကို ဗီယင်နာမြို့ ရှေးဟောင်း အနုပညာပစ္စည်းများ ပြတိုက်၌ထားရှိရာမှ ပျောက်ဆုံးသွားခဲ့ပြီးမှ ယခုအခါ ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။ ၎င်းခက်ရင်းခွ၏ တန်ဖိုးမှာ လေလံတင်ရောင်းချပါက အမေရိကန် ဒေါ်လာသန်း ၆၀ခန့်ရရှိနိုင်ကြောင်း သိရသည်။ **(အေပီ)**

အရပ်အမြင့်ဆုံး ပါကစ္စတန်လူငယ်

ပါကစ္စတန်နိုင်ငံတွင် အရပ်အမြင့်ဆုံးလူငယ်တစ်ဦးကို တွေ့ရစဉ်။ (ဝဲပုံ)

ပါကစ္စတန်နိုင်ငံ ကာရာချိမြို့မှ မိုင် ၃၀၀ခန့်အကွာ စီကာပူရာမြို့တွင် နက်ဆာဆွမ်ရိုအမည်ရှိ လူငယ်တစ်ဦး၏ အရပ်သည် ၇ ပေ ၈ လက်မရှိရာ ပါကစ္စတန်နိုင်ငံတွင် အရပ်အမြင့်ဆုံး လူသားတစ်ဦးဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

မိုဘိုင်းလ်ဖုန်းများ ဖျော်ဖြေရေးစက်များဖြစ်လာ

ဘာစီလိုနာ ဖေဖော်ဝါရီ ၁၇

စပိန်နိုင်ငံ ဘာစီလိုနာမြို့၌ ယခုသီတင်းပတ်က ကမ္ဘာ့မိုဘိုင်းလ်ဖုန်း ကုန်စည်ပြပွဲတစ်ရပ် ကျင်းပခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖေဖော်ဝါရီ ၁၆ ရက်က ဖော်ပြထားသည်။

အဆိုပါ မိုဘိုင်းလ်ဖုန်းပြပွဲတွင် ပေါ့အဆိုတော် ခရေ့ဂျ်ဒေးဗစ်က မိုဘိုင်းလ်ဖုန်းများသည် လူတို့၏ ဖျော်ဖြေရေးစက်များဖြစ်လာကြောင်း တင်ပြ သွားခဲ့သည်။

ရောင်းအားမြှင့်တင်

ယနေ့ခေတ်တွင် မိုဘိုင်းလ်ဖုန်းကုမ္ပဏီများက ယင်းတို့၏ ကုန်ပစ္စည်းများ ရောင်းအားမြှင့်တင်နိုင်ရေးအတွက် နည်းပညာများ အဆင့်မြှင့်ထုတ်လုပ်လာကြောင်း၊ မိုဘိုင်းလ်ဖုန်းများတွင် တေးဂီတ၊ ဗီဒီယိုနှင့် တီဗွီကဲ့သို့ အသုံးပြုလာနိုင်သည်ကို တွေ့ရကြောင်း သူမက တင်ပြထားသည်။

မိတ်ဆက်တင်ပြ

ယင်းပြပွဲတွင် ဘီတီနှင့် မိုက်ခရိုဆော့ဖ်ကုမ္ပဏီက တီဗွီမိုဘိုင်းလ်ဖုန်း၊ အိုတူးက ရေဒီယို မိုဘိုင်းလ်ဖုန်း၊ မိုတိုရိုလာနှင့် မိုက်ခရိုဆော့ဖ်တို့က မီဒီယာပလေယာ၊ အဲရစ်ဆွန်နှင့် နက်စတာတွဲဖက်လျက် အင်တာနက်ဖုန်းတို့ကို မိတ်ဆက်တင်ပြထားသည်။

ထိုအရင်က မိုတိုရိုလာက ၎င်း၏ မိုဘိုင်းလ်ဖုန်းနှင့် အိုင်ကျွန်း မြူးဇစ်ပလေယာနှင့်တွဲ၍ သုံးနိုင်ကြောင်း ထုတ်ဖော်ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

စပိန်နိုင်ငံ ဘာစီလိုနာမြို့၌ ကျင်းပသည့် ကုန်စည်ပြပွဲတွင် ပြသထားသော မိုဘိုင်းလ်ဖုန်းကြော်ငြာတစ်ခုကို ဖေဖော်ဝါရီ ၁၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

အာဖရိက လူဦးရေ၏ သုံးပုံတစ်ပုံ သောက်သုံးရေ အခက်ကြုံနေရ

အယ်လ်ဂျီးရီးယား ဖေဖော်ဝါရီ ၁၇

အာဖရိက လူဦးရေ၏ သုံးပုံတစ်ပုံသည် သောက်သုံးရေ မရရှိဘဲဖြစ်နေပြီး သန့်ရှင်းသော သောက်သုံးရေ ချို့တဲ့နေမှုကြောင့် အာဖရိက ပြည်သူ ထက်ဝက်နီးပါးတွင် ကျန်းမာရေးဆိုင်ရာ ပြဿနာများရှိနေကြောင်း ဖေဖော်ဝါရီ ၁၄ရက်ထုတ် အစီရင်ခံစာတွင် ဖော်ပြထားသည်။

အာဖရိကတွင် ယခုလက်ရှိ အခြေအနေထက် တိုးတက်မှုမရှိလျှင် သက္ကရာဇ် ၂၀၁၀ပြည့်တွင် အနည်းဆုံး အာဖရိက ၁၇နိုင်ငံတွင် ရေမလုံလောက်မှု ပြဿနာနှင့် အကြီးအကျယ် ရင်ဆိုင်ရမည်ဖြစ်ကြောင်း အယ်လ်ဂျီးယားနိုင်ငံရှိ အာဖရိက ရေဆိုင်ရာအဖွဲ့အစည်း(အေအက်ဖ်ဒဗလျူအေ)၏ (၁၃)ကြိမ်မြောက် အစည်းအဝေး အစီရင်ခံစာတွင် ဖော်ပြထားသည်။

ရေမလုံလောက်မှုကြောင့် ဒေသတွင်းနိုင်ငံများအကြား ပြဿနာများ ဖြစ်လာနိုင်ကြောင်း အစီရင်ခံစာတွင် သတိပေးထားခဲ့သည်။

အာဖရိကတွင် ရေသယံဇာတ အရင်းအမြစ် အရေအတွက် ထုထည် ၅ ဒသမ ၄ထရီလီယံမီတာအထိ ပေါကြွယ်ဝလျက်ရှိကြောင်း၊ သို့သော် ၎င်းတို့အနက် လေးရာခိုင်နှုန်းကိုသာ ထုတ်ယူသုံးစွဲနိုင်ခဲ့သေးကြောင်း အဘယ်ကြောင့်ဆိုသော် ဘဏ္ဍာငွေကြေးနှင့် အထောက်အကူပြုပစ္စည်းများ ချို့တဲ့ခဲ့ခြင်းကြောင့် ဖြစ်သည်။

ကုလသမဂ္ဂ၏ ထောင်စုနှစ် ဖွံ့ဖြိုးရေးပန်းတိုင်အရ ကမ္ဘာ့ပြည်သူလူထုသည် ရေမလုံလောက်မှု ပြဿနာကြုံတွေ့နေရခြင်းမှ ထက်ဝက်လျော့ကျသွားသင့်သည်။ အာဖရိကတိုက် တစ်တိုက်တည်းတွင် ယင်းရည်မှန်းချက် ပန်းတိုင်ရောက်ရှိရန်အတွက် နှစ်စဉ်အမေရိကန်ဒေါ်လာ အနည်းဆုံး သန်း ၁၂ဘီလီယံ လိုအပ်လျက်ရှိသည်။

လေးရက်ကြာ ကျင်းပသည့် (အေအက်ဖ်ဒဗလျူအေ)အဖွဲ့၏ အစည်းအဝေးသို့ အာဖရိကနိုင်ငံ ၃၀ကျော်မှ ကိုယ်စားလှယ်ပေါင်း ၄၀၀ကျော် တက်ရောက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဖိုးလမင်းနှင့် ရေကန်ငယ်အမည်ရှိ ဓာတ်ပုံ ဒေါ်လာနှစ်သန်းကျော်ဖြင့် လေလံတင်ရောင်းချ

နယူးယောက် ဖေဖော်ဝါရီ ၁၇

ဓာတ်ပုံဆရာ အက်ဒ်ဝပ်စတီချန် ရိုက်ကူးခဲ့သော ဖိုးလမင်းနှင့် ရေကန်ငယ်အမည်ရှိ ဓာတ်ပုံတစ်ပုံကို အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ သန်းဖြင့် ဖေဖော်ဝါရီ ၁၄ ရက်က ဆိုသီဘိုင်လေလံတင်ရောင်းချရေးအဖွဲ့က ရောင်းချ လိုက်ကြောင်း အဆိုပါ လေလံရုံးက ပြောကြားသည်။

လရောင်အောက်က ရေကန် အမည်ရှိ အဆိုပါဓာတ်ပုံကို အဆိုပါ ဓာတ်ပုံဆရာက ၁၉၀၄ခုနှစ်တွင် ကျွန်းတစ်ကျွန်းပေါ်၌ ရိုက်ကူးထားခဲ့ကြောင်း၊ ၎င်းဓာတ်ပုံကို ဓာတ်ပုံစုဆောင်းသူ ပီတာမက်ဂေးလ်ဆိုသူက ဝယ်ယူသွားခြင်းဖြစ်ကြောင်း ဆိုသီဘိုင် လေလံရုံးမှ ပြောခွင့်ရပုဂ္ဂိုလ် မက်သရူးဝေမန်က ပြောကြားသည်။

ယင်းဓာတ်ပုံသည် သစ်တောတစ်ခုအတွင်းရှိ ရေကန်တစ်ကန်တွင် အလင်းရောင်များသစ်ပင်များကို ဖြတ်ဝင်လာပြီး ရေကန်တွင် ရေပြန်ဟပ်နေပုံကို ရိုက် ကူးထားသည်။

၎င်း ဓာတ်ပုံ ကိုလေလံမရောင်းမီက ဒေါ်လာ တစ်သန်းကျော်သာ ခန့်မှန်းခဲ့ရာမှ စျေးနှုန်းမြင့် တက်လာခဲ့သည်ဟု ဆိုသည်။ အဆိုပါ ဓာတ်ပုံသည် ဓာတ်ပုံလေလံ တင်ရောင်းချမှုသမိုင်းတွင် စျေးအမြင့်ဆုံးရရှိသည့် ဓာတ်ပုံဖြစ်ကြောင်း သိရသည်။

အမြင့်ဆုံး

ယခင်က ကောင်းဘွိုင်အမည်ရှိ ဓာတ်ပုံတစ်ပုံကို နိုဝင်ဘာလက ဒေါ်လာ ၁၂၄၈၀၀၀ဖြင့် စံချိန်အမြင့်ဆုံး စျေးနှုန်းဖြင့် ရောင်းချခဲ့ရကြောင်းလည်း သိရသည်။ **(အင်တာနက်)**

အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ သန်းတန် ဓာတ်ပုံ။ (အင်တာနက်)

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကနီမြို့နယ် မင်းအိုကျေးရွာ အလှူရှင်စက်ရေတွင်းဖွင့်ပွဲ တက်ရောက်အားပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီမှ အလှူငွေကျပ် ၁၀ သိန်းဖြင့် ကနီမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်ခဲ့သည့် ကနီမြို့နယ် မင်းအိုကျေးရွာ အလှူရှင်စက်ရေတွင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉နာရီက အဆိုပါကျေးရွာ၌ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး တက်ရောက်ချီးမြှင့်အားပေးသည်။

ဖွင့်ပွဲတွင် စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမြင့်၊ မုံရွာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်စိန်နှင့် စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးဗျားနိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စက်ရေတွင်း အလှူရှင်ကမှည်းကျောက်ပြားကို တိုင်းမှူးက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(မြို့နယ်စည်ပင်)**

ဖေဖော်ဝါရီ ၅ ရက်က မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ စေတီတော်သမိုင်းပြတိုက်နှင့် ဆုတောင်းပြည့်အောင်မြေတန်ဆောင်းတွင် ပန်းပုလုပ်ငန်းများ၌ အသုံးပြုရန်အတွက် နှစ်ဖက်သောမိဘများအားအမှူးထား၍ ပင်းယ ၁၈လမ်း၊ ၅ ရပ်ကွက်၊ တောင်ဥက္ကလာပနေ ဦးဝင်းကြိုင်-ဒေါ်နွယ်နွယ်ဦး မိသားစုက ကျိုက်ဝိုင်းစေတီတော်ဂေါပကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးသန်းမြင့်ထံ အလှူငွေ ကျပ်သုံးသိန်းပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အထူးတရားပွဲများကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

သာကေတမြို့နယ် ၁၀/တောင်ရပ်ကွက် ၁၀၈တောင် ဘုရားဝင်းဟသာ်တအတွင်းပတ္တမြားစာသင်တိုက်ခွဲ (၁၉)ကြိမ်မြောက် ပရိယတ္တိ သာသနာ့နုဂ္ဂဟအသင်း စာမေးပွဲကြီးကို ဖေဖော်ဝါရီ၁၈ရက်မှ ၂၆ ရက် အထိ ကျင်းပမည်ဖြစ်သည်။ အထူးတရားပွဲများအဖြစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ယောဆရာတော် အရှင်သီရိန္ဒာဘိဝံသ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ၊ ၂၅ ရက်၌ ဓမ္မစေတီအရှင်ကောသလ္လ၊ ၂၆ ရက်တွင် အရှင်ဆန္ဒာဓိက ရွှေပါရမီတော်ရ ဆရာတော်တို့က ည ၇ နာရီခွဲမှစ၍ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ပခုက္ကူအသင်း(ရန်ကုန်) ဝိပဿနာတရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မိုးကုတ်အဖွဲ့ချုပ် ဓမ္မကထိက ဆရာကြီး ဦးစိန်ဝမှ ပဋိစ္စသမုပ္ပာဒ်တရားများကိုပို့ချမည့် ဝိပဿနာတရားစခန်းကို ဖေဖော်ဝါရီ ၁၈ ရက် (စနေနေ့)မှ ၂၄ ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ရွှေတိဂုံဘုရားမြောက်ဘက်မုခ် ပခုက္ကူဓမ္မာရုံတွင် ဖွင့်လှစ်မည်ဖြစ်ရာ အသင်းသူ အသင်းသားများနှင့် ဓမ္မမိတ်ဆွေယောဂီများ တက်ရောက်နာကြားနိုင်ကြောင်းသိရသည်။

(က-ပ)

အထက(၃)ကြည့်မြင်တိုင် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

အထက(၃)ကြည့်မြင်တိုင် (ယခင် ဗိုလ်တာကျိုးကျောင်း) ကျောင်းသားကျောင်းသူဟောင်းများက အဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂ ရက် (တောင်သူလယ်သမားနေ့) နံနက် ၉ နာရီတွင် ကျောင်းဝင်းရှိ စကားဖြူ ခန်းမ၌စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။ ယမန်နှစ်က အထိ ဖိတ်ကြားခြင်းခံခဲ့ရသော ဆရာကြီး၊ ဆရာမကြီးများ အနေဖြင့် ဖိတ်စာမရောက်သော်လည်း အခမ်းအနားသို့ ကိုယ်တိုင် ကြွရောက်ကြရန်နှင့် ယခုနှစ် အခမ်းအနားတွင် ကျောင်းသားကျောင်းသူဟောင်းများအတွက် အထူးစိတ်ဝင်စားဖွယ်ရာ အစီအစဉ်များဖြင့် ကျင်းပမည်ဖြစ်ပြီး အလှူငွေများကို ဦးအောင်ကျော်ဦး ဖုန်း-၀၉-၅၀၁၄၂၆၄၊ ဦးသိန်းဝင်း ဖုန်း- ၅၃၈၆၉၈၊ ဦးသိန်းလွင် ဖုန်း-၀၉-၉၈၂၂၀၈၂၊ ဦးချာလီမောင် ဖုန်း-၀၉-၅၀၁၅၃၁၃၊ ဦးစိုးဝင်း ဖုန်း-၀၉- ၉၈၂၄၆၇၁၊ ဦးခင်မောင်လှ ဖုန်း-၀၉-၈၀၂၃၅၇၉ နှင့် ဒေါ်ဌေးရီ ကျောင်း ဖုန်း-၂၂၀၃၈၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ်ကျင်းပသော ဘောလုံးပြိုင်ပွဲတွင် ပထမဆုရအသင်းအား ဖေဖော်ဝါရီ ၁၅ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးသန်းဌေးက ဆုချီးမြှင့်စဉ်။ (က-ပ)

စဉ်ဆက်မပြတ်ဆေးပညာသင်ကြားရေး သင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံဆရာဝန်အသင်း အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့ (ရွှေဘို)မှ စဉ်ဆက်မပြတ်ဆေးပညာသင်ကြားရေးသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၀ နာရီက မြန်မာနိုင်ငံ ဆရာဝန်အသင်း (ရွှေဘို) ရုံးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ဆရာဝန်အသင်း အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့ (ဗဟို)မှ ဒေါက်တာဌေးလွင်က သင်တန်းဖွင့်လှစ်ပေးသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံ ဆရာဝန်များအသင်း (ရွှေ ဘို)ဥက္ကဋ္ဌ ဒေါက်တာတင်ဝင်းက အမှာစကားပြောကြားပြီး အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့ (ဗဟို)မှ ဒေါက်တာဌေးလွင်ကသင်တန်းဖွင့် လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့်သင် တန်းကာလမှာ တစ်နေ့ သုံးနာရီ၊ အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့များတွင် ပို့ချသွားမည်ဖြစ်ပြီး သင်တန်းချိန်နာရီပေါင်း ၂၄၀ သင်ကြားပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ ရွှေဘို၊ ဝက်လက်၊ ဇီးကုန်း၊ ညောင်ပင်သာ၊ ရွာသာကြီး၊ မုဆိုးခြုံ၊ ဆားတောင်ကြီးတို့မှ သင်တန်းသား၊ သင်တန်းသူ ဆရာဝန်ကြီးများ တက်ရောက်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ၂၇ရက်က ပန်းဘဲတန်းမြို့နယ် အထက(၁)တွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းနှင့် ဟောပြောပွဲဖွင့်ပွဲ ကျင်းပရာ ခရိုင်ပြန်/ဆက်ဦးစီးအရာရှိ ဦးတင်ကို၊ မြို့နယ်ပညာရေးမှူး ဒေါ်မိမိငယ်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြမေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။(ခရိုင် ပြန်/ဆက်)

မြန်မာနိုင်ငံ၌ ခြစည်းရိုးကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီအောင်မြင်စွာထုတ်လုပ်နိုင်ပြီ

ဇီဝဒီဇယ်ဆီသာမက သဘာဝမြေဩဇာအဖြစ်ပါ အသုံးပြုနိုင်

သဘာဝမြေဩဇာများတွင် တိရစ္ဆာန်အညစ်အကြေးများမှရရှိသော မြေဩဇာနှင့် သီးနှံပင်အစိတ်အပိုင်းအဆွေးအမြည့်များမှရရှိသော မြေဩဇာဟူ၍နှစ်မျိုးရှိသည်။ မြန်မာနိုင်ငံသည် ရေမြေသယံဇာတ ပေါကြွယ်ဝသည့်နိုင်ငံဖြစ်သည်။ ပြည်နယ်၊ တိုင်းအသီးသီးတွင် ခြစည်းရိုးကြက်ဆူပင်များကို သုံးနှစ်အတွင်း စိုက်ဧက ငါးသိန်းစီ ပြည့်မီကျော်လွန်အောင် လျာထားစိုက်ပျိုးလျက်ရှိသည်။ ခြစည်းရိုးကြက်ဆူအစေ့ကို ဇီဝဒီဇယ်ဆီရရှိအောင်ကြိတ်၍ကျန်ရှိသော ကြိတ်ဖတ်များကို သီးနှံပင်များအတွက် အာဟာရဓာတ်ကြွယ်ဝသောသြဂဲနစ် သဘာဝမြေဩဇာအဖြစ် အသုံးပြုနိုင်မည်ဖြစ်သည်။

သုံးမျိုးပါဝင်

ခြစည်းရိုးကြက်ဆူကြိတ်ဖတ်တွင် သီးနှံပင်များအတွက် အဓိကလိုအပ်သော အာဟာရဓာတ် သုံးမျိုးပါဝင်မှုနှင့် အခြားသော သဘာဝပစ္စည်းများ၏ အာဟာရပါဝင်မှုနှိုင်းယှဉ်ချက်ကို အောက်ပါအတိုင်း တွေ့ရှိနိုင်ပါသည်-

အမျိုးအစား	နိုက်ထရိုဂျင်	ဖော့စဖရပ်	ပိုတက်
ခြစည်းရိုးကြက်ဆူ	၄.၄၄%	၂.၀၉%	၁.၆၈%
နွားချေး	၃.၀၄%	၆.၂၇%	၂.၀၈%
ဗေဒါပင်	၁.၄၈%	၀.၄၆%	၀.၄၈%
တမာဆီကြိတ်ဖတ်	၅.၀၁%	၁.၀၀%	၁.၅၀%

သို့ဖြစ်၍ ခြစည်းရိုးကြက်ဆူကြိတ်ဖတ်သည် နွားချေး၊ ကြက်ချေးနှင့် မြေဆွေးများထက် နိုက်ထရိုဂျင်ဓာတ်ပိုမိုပါဝင်ပြီး အခြားသဘာဝမြေဩဇာများနည်းတူ ဖော့စဖရပ်နှင့် ပိုတက်များပါဝင်ကြောင်းတွေ့ရှိရသည်ဖြစ်ရာ ဇီဝဒီဇယ်ဆီသာမက သဘာဝမြေဩဇာအဖြစ်ပါ အသုံးပြုနိုင်ကြောင်း တင်ပြလိုက်ရပါသည်။ ။

ခြစည်းရိုးကြက်ဆူသီးများ ရင့်မှည့်ပြီးနောက် ခြောက်သွေ့သောအခါ အနက်ရောင်ပြောင်းသွားမှုကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၈-၂-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ သံလွင်တံတား(တာပါး)
၈:၂၀ ၈။ အဆိုပြိုင်ပွဲ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Grammar made Easy

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၄၅ ၅။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ** “Doraemon”
၁၃:၀၅ ၆။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
၁၃:၁၅ ၇။ **“ကျေးဇူးတင်ပါတယ် ဒီအိုတီအက်စ်”** လွင်မိုး၊ ထွန်းထွန်းဝင်း၊ အိန္ဒြာကျော်ဇင်၊ ခင်သန်းနွယ် (ဒါရိုက်တာ-စိုးကျော်ဆန်း)
၁၃:၃၅ ၈။ တေးဂီတအစီအစဉ်
၁၃:၄၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄:၀၀ ၁၀။ အတီးပြိုင်ပွဲ
၁၄:၁၀ ၁၁။ **“အလဲလေးတော့ ကိုင်ပြပါ”** ဖွဲ့နိုင်ဝင်း၊ ရတနာခင် (ဒါရိုက်တာ-မင်းအုပ်စိုး)
၁၄:၂၅ ၁၂။ အကပြိုင်ပွဲ
၁၄:၃၅ ၁၃။ စလင်းရေလှောင်တမံ
၁၄:၄၅ ၁၄။ International News

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ အကပြိုင်ပွဲ
၁၆:၃၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒအထူးပြုများ) (သင်္ချာ)
၁၆:၄၅ ၅။ နားဝင်ပီယံသူ့လက်သံ
၁၆:၅၀ ၆။ တေးဂီတအစီအဉ်
၁၇:၀၀ ၇။ မြန်မာစာ၊ မြန်မာစကား
၁၇:၁၅ ၈။ တေးဂီတအစီအစဉ်
၁၇:၂၅ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၇:၅၀ ၁၀။ ယာကြီးရေထိန်းတမံ
၁၈:၀၀ ၁၁။ ညနေခင်းသတင်း
၁၈:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **“အသည်းနှလုံးနဲ့လူသား”** (အပိုင်း-၁၁)
၁၉:၄၅ ၁၄။ ရှမ်း(မြောက်)ကြက်ဆူ (အပိုင်း-၂)
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်မိပြီဆိုရင်”** (အပိုင်း-၂၃)

အပန်းဖြေရန်နှင့် ရန်ကုန်မြို့၏အလှအပကို ရှုကြည့်ခံစားနိုင်သည့် နန်းမြင့်မျှော်စင်ကို ခံ့ညားထည်ဝါစွာတည်ဆောက်ထား

❒ *ကျောဖုံးမှ*

ထို့အပြင် ကချင်ရှာတွင် ခါကာဘိုရာဇီတောင်၊ ဖုန်ကန်ရာဇီတောင်နှင့် မူလာရှိဒီးကြိုးတံတား၊ ကယားရွာတွင် ငွေတောင်ဆည်၊ သီရိမင်္ဂလာတောင် (တောင်ကွဲစေတီ)၊ ကိန္နရီကိန္နရာမောင်နှံရုပ်တု၊ ကရင်ရွာတွင် ဖွဲကပင်တောင်၊ ကရင်ဖားစည်ကြီး၊ နဂါးဖားဘုရား၊ ချင်းရွာတွင် ရိဒ်ရေကန်၊ ချင်းအမျိုးသား ရုပ်တု၊ ဗမာရွာတွင် ဉပုသ်ဇရပ်တစ်ခု၊ မွန်ရွာတွင် ကျိုက်ထီးရိုးစေတီ၊ ရခိုင်ရွာတွင် ထုက္ကသန်သိမ်၊ ဆင်ဖြူတော်အုပ်နှင့် ရှမ်းရွာတွင် အင်းလေးကန်၊ ပဒေါင်းတိုင်းရင်းသူ စသည့် လူမျိုးအလိုက်၊ ဒေသအလိုက် ထင်ရှားသည့် အထိမ်းအမှတ်များကိုလည်း တည်ဆောက်ထားသည်။

နန်းမြင့်မျှော်စင်

အပန်းဖြေစခန်းနှင့် ရန်ကုန်မြို့ အလှအပကို ရှုကြည့်ခံစားနိုင်သည့် နန်းမြင့်မျှော်စင်ကိုလည်း ၂၀၀၄ခုနှစ် ဇန်နဝါရီ ၄ရက်က ခံ့ညားထည်ဝါစွာ ဖွင့်လှစ်နိုင်ခဲ့သည်။

အပန်းဖြေစခန်းသို့ လာရောက် လေ့လာကြည့်ရှု အပန်းဖြေသူများအား ဖျော်ဖြေရန် တိုင်းရင်းသား ယဉ်ကျေးမှုသရုပ်ပြဝန်ထမ်း ၃၁ဦး ခန့်ထားပြီး တိုင်းရင်းသားဆိုင်းဝိုင်းတွင်လည်း ကျောင်းသားလူငယ် ရှစ်ဦးဖြင့် ဖွဲ့စည်းကာ ဖျော်ဖြေလျက်ရှိသည်။

ကယားရွာရှိ ကိန္နရီ–ကိန္နရာမောင်နှံရုပ်တုကို ဤသို့တွေ့ရသည်။
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

နှစ်အလိုက် လာရောက်အပန်းဖြေသူများအနေဖြင့် ၂၀၀၃–၂၀၀၄ ခုနှစ်တွင် လူကြီး ၄၈၀၉၉၃၊ ကလေး ၅၆၃၁၇နှင့် နိုင်ငံခြားသား ၁၇၅၅ဦး၊ ၂၀၀၄–၂၀၀၅ခုနှစ်တွင် လူကြီး ၃၇၆၀၉၀၊ ကလေး ၁၂၅၉၅၁ ဦးနှင့် နိုင်ငံခြားသား ၂၂၈၆ဦး၊ ၂၀၀၅–၂၀၀၆(ဇန်နဝါရီအထိ)တွင် လူကြီး ၃၈၈၇၀၉၊ ကလေး ၂၅၈၇၁ဦးနှင့် နိုင်ငံခြားသား ၁၅၄၂ဦး လာရောက်အပန်းဖြေကြရာ အပန်းဖြေသူများ များပြားလျက်ရှိကြောင်း သိရသည်။

နန်းမြင့်မျှော်စင် မြေညီထပ်နှင့် ပထမထပ်တွင် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်း၊ ချင်းရွာတွင် အောက်ချင်းငှက်မောင်နှံရုပ်တု၊ ရှမ်းရွာတွင် ကျွဲရုပ်တစ်ခုနှင့် ဗမာရွာတွင် မင်းကွန်းခေါင်းလောင်းတို့အပြင် အနံပေ ၈၀၊ အလျား ပေ၁၆၀နှင့် အမြင့် ၃၆ပေရှိ ပဒေသာကပွဲခန်းမကို မြန်မာနိုင်ငံတွင် ပထမဆုံးနည်းစနစ်သစ်ဖြစ်သော အမိုးခုံးနည်းပညာဖြင့် ထပ်မံတည်ဆောက်လျက်ရှိကြောင်း သိရသည်။

တိုင်းရင်းသားသွေးချင်းများ၏ ယဉ်ကျေးမှုဆိုင်ရာများကို တစ်နေရာတည်း၌ ရှုမြင်ခံစားရင်း အနားယူအပန်းဖြေစရာ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ တစ်ခါတစ်ခေါက် လာရောက်အပန်းဖြေ အနားယူလှည့်ပါဟု၍ ဖိတ်ခေါ်ချင်စမ်းပါဘိ။ ။ **(မြန်မာ့အလင်း)**

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရှိ ကချင်ရွာတွင် ခါကာဘိုရာဇီတောင်၊ ဖုန်ကန်ရာဇီတောင်နှင့် မူလာ ရှိဒီး ကြိုးတံတား မြင်ကွင်းအလှကို ဤသို့တွေ့ရသည်။
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသည် အပန်းဖြေ အနားယူနိုင်သည့် အပြင် မြန်မာပြည်အနှံ့အပြား သွေးချင်းများ၏ ယဉ်ကျေးမှုဆိုင်ရာ မြင်ကွင်း အဖုံဖုံကို တစ်နေရာတည်းမှာ ရှုမြင်ခံစားရင်း အနားယူအပန်းဖြေစရာတစ်ခု ဖြစ်သည်။

ပြသထား

အပန်းဖြေ အနားယူရန်အပြင် လေ့လာကြည့်ချင်စဖွယ်များ အဖြစ် မိကျောင်းကန်၊ ယုန်ပူးလှောင်အိမ်၊ ငှက်ရုံနှင့်ရွှေသမင်ခြံများကိုလည်း တည်ဆောက်ပြသထားသည်။

ထို့အပြင် ကလေးငယ်များ ပျော်ရွှင်စွာ ကစားနိုင်ရန်အတွက် ကလေးအားကစားကွင်းကို တည်ဆောက်ထားပြီး အင်းလေးကန်ထဲတွင် အပျော်စီး လှေငယ်များကိုလည်း ပျော်ရွှင်စွာစီးနင်းနိုင်ကြောင်း သိရသည်။

ဖျော်ဖြေတင်ဆက်

ဖျော်ဖြေတင်ဆက်မှုကို စနေ၊ တနင်္ဂနွေနှင့် အခြားရုံးပိတ်ရက်များ၌ ဗမာ သို့မဟုတ် တိုင်းရင်းသားအိမ် တစ်အိမ်အိမ်တွင် နံနက် ၉နာရီမှ ၁၁ နာရီအထိလည်းကောင်း၊ ညနေ ၃နာရီမှ ၅နာရီအထိလည်းကောင်း ဖျော်ဖြေတင်ဆက်လျက်ရှိကြောင်း သိရသည်။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရှိ ရှမ်းပြည်နယ်၏အလှကို ဖော်ကျူးထားသည့် အင်းလေးကန်တွင် ပြည်သူများ အပျော်စီးရေယာဉ်များဖြင့် ဤသို့ကြည်နူးစွာ အပန်းဖြေလျက်ရှိကြသည်။
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင် လာရောက်လေ့လာအပန်းဖြေသူများ စိတ်ကြည်နူးမှုရှိစေရန် ရွှေသမင်ခြံရှိ ရွှေသမင်နှင့်သမင်များ ဤသို့တွေ့ရသည်။
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

ပြည်ထောင်စု တိုင်းရင်းသားကျေးရွာသည် အပန်းဖြေ အနားယူနိုင်သည့်အပြင် မြန်မာပြည်အနှံ့အပြား သွေးချင်းများ၏ ယဉ်ကျေးမှုဆိုင်ရာ မြင်ကွင်းအဖုံဖုံကို တစ်နေရာတည်းမှာ ရှုမြင် ခံစားရင်း အနားယူ အပန်းဖြေစရာတစ်ခုဖြစ်။

✻ ကျောဖုံးမှ

ထို့နောက် ဝန်ကြီးသည် ဘိုင်းဒါး ရေလွှဲဆည်အဆောက်အအုံနှင့် ရေတံခါး၊ ရေပေးမြောင်းများကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁)ညွှန်ကြားရေးမှူး ဦးမြင့်သန်းက တူးမြောင်းများနှင့် တူးမြောင်းအဆောက်အအုံများ ပြီးစီးမှုအပိုင်းနှင့် ဆက်လက်ဆောင်ရွက်နေမှု၊ ပင်မတမံတွင် ကန်ရေဝင်မှု၊ ဆည်ရေပေးမှုတို့ကို လည်းကောင်း၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက တူးမြောင်းမကြီးများမှ အပိုင်းလိုက် တည်ဆောက်ပြုပြင်၍ ဆည်ရေဖြင့် သီးနှံစိုက်ပျိုးရေပေးဝေမည့်အခြေအနေတို့ကိုလည်းကောင်း တင်ပြကြရာ ဝန်ကြီးက တူးမြောင်းများသေသပ်ခိုင်ခံ့၍ ကြံ့ခိုင်မှုရှိရေး၊ မြောင်းပေါင်ဘေးဝဲယာ၌ ခြံစည်းရိုးကြက်ဆူရိုင်းပင်များ စိုက်ပျိုးရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကျောက်တံခါးမြို့နယ်ဆီဆုံကုန်းကျေးရွာအနီး၌ တည်ဆောက်နေသည့် ရဲနွယ်ရေလွှဲဆည်အုတ်မြစ်တူးလုပ်ငန်း၊ မြေသွင်းသပ်တိုင်များနှင့်သံမဏိသပ်ပြားများကို စက်ယန္တရားဖြင့် ရိုက်သွင်းမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ဝန်ကြီးအား ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူးက ရေလွှဲဆည်တည်ဆောက်မှုလုပ်ငန်းဇယားနှင့် ဆောင်ရွက်နေမှုလုပ်ငန်းများ၊ ရေတံခါးအဆောက်အအုံဒီဇိုင်းနှင့် ရေပေးမြောင်းများတည်ရှိမှုတို့ကို မြေပုံဖြင့် ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လုပ်ငန်းများသတ်မှတ်ချိန်ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေးမှာကြားကာ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဝန်ကြီးသည် ကျောက်တံခါးမြို့နယ်မြို့ချောင်းကျေးရွာအနီး၌ ဆည်မြောင်းဦးစီး ဌာနက တည်ဆောက်နေပြီး လုပ်ငန်းများ အချောသပ်ဆောင်ရွက်ကာ မကြာမီ ဖွင့်လှစ်နိုင်တော့မည့် ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူးက ရဲနွယ် ရေလှောင်တမံ၊ရေလွှဲဥမင်၊တမံအောက်ခြေလုပ်ငန်းနှင့် ရေပိုလွှဲအမှတ်(၁)၊ ရေပိုလွှဲအမှတ်(၂)တည်ဆောက်ရေးလုပ်ငန်းများ၊ ရက်အလိုက်ပြီးစီးမှုအဆင့်ဆင့် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ပင်မတမံ၏အလျားပေ ၁၀၅၀၊ အမြင့် ၂၅၁ပေတွင် ကျောက်စီပြီးစီးမှု၊ ရေလှောင်တမံအတွင်း ရေဝင်သိုလှောင်ထားမှုနှင့် ပြီးစီးသော ရေပိုလွှဲအမှတ် (၁)နှင့် ရေပိုလွှဲ အမှတ်(၂)တို့ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လှိုင်မြို့နယ်မှ မီးဘေးသင့်ကျောင်းသူများအတွက် အာဟာရဖြည့် စားသောက်ဖွယ်ပစ္စည်းများလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးနှင့် ပညာရေးလုပ်ငန်းအဖွဲ့တို့က ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ စခန်းသွင်းလေ့ကျင့် သင်ကြားပေးလျက်ရှိသော တက္ကသိုလ်ဝင် စာမေးပွဲ၌ ဝင်ရောက် ဖြေဆိုကြမည့် လှိုင်မြို့နယ်မှ မီးဘေးသင့်ကျောင်းသူများအတွက် အာဟာရဖြည့်စားသောက်ဖွယ် ပစ္စည်းများလှူဒါန်းပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ယုဝတီဆောင်၌ ကျင်းပသည်။

အဆိုပါလှူဒါန်းပွဲတွင်ပြန်ကြားရေးရာဌာနကြီးဒုတိယဌာနကြီးမှူးပညာရေးလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင်နှင့် အဖွဲ့ဝင်တို့က လှိုင်မြို့နယ်မှ မီးဘေးသင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသူ ၃၂ ဦး အတွက် ငွေကျပ် ၆၀၀၀၀ ကျော်တန်ဖိုးရှိ အာဟာရဖြည့် စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းရာ ကျောင်းသူများကိုယ်စား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လေးမြင့်က လက်ခံသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ဆူးလေစေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံ ပြန်လည်တည်ဆောက်ရေး ရွှေစင်ရွှေပြား မျက်ပါးရွှေသင်္ကန်းတော် ကပ်လှူရေးအတွက် အလှူရှင် ဦးကိုကို–ဒေါ်ခင်သိန်းသိန်း မိသားစု အမှတ် ၆၃၅ (G-3) ရိုးမရိပ်သာ ပြည်လမ်း ကမာရွတ်မြို့နယ်မှ ရွှေစင်ရွှေသား တစ်ကျပ်သား ကိုးလက်မပတ်လည် တစ်ချပ်အတွက် ငွေကျပ် နှစ်သိန်းငါးသောင်း ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမျိုးခင်က လက်ခံယူစဉ်။ (က–ပ)

ဆူးလေစေတီတော်ဘက်စုံမွမ်းမံတည်ဆောက်ရေး ရွှေစင်၊ရွှေပြားနှင့်မျက်ပါးရွှေသင်္ကန်းတော်များကပ်လှူပူဇော်နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်မြို့ ဆူးလေစေတီတော် မြတ်ကြီး၏ ထီးတော်နှင့် ကိုယ်လုံးတော်ကြီးအား ရွှေစင်၊ ရွှေပြား၊ မျက်ပါးရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်ရေးနှင့် အရံစေတီတော်များပြုပြင်မွမ်းမံရေး၊ မျက်ပါးရွှေသင်္ကန်း ကပ်လှူရေး၊ ဘက်စုံမွမ်းမံ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ကုသိုလ်ယူလှူဒါန်းလိုသူများ ထီးတော်ကြီး ရွှေသင်္ကန်းကပ်လှူရန်အတွက် ငွေကျပ် ၁၈၅၀၀၀၀၊ စေတီတော်ကြီး ရွှေစင်ရွှေသား တစ်ကျပ်သား ကိုးလက်မပတ်လည်တစ်ချပ်အတွက် ငွေကျပ် ၂၅၀၀၀၀၊ အရံစေတီတော်ကြီး တစ်ဆူ (ကိုယ်လုံးတော်နှင့်ထီးတော်) အတွက် ငွေကျပ် ၁၈၀၀၀၀၀၊ အရံစေတီတော်အလတ်တစ်ဆူ(ကိုယ်လုံးတော်နှင့်ထီးတော်) အတွက် ငွေကျပ် ၁၂၀၀၀၀၀၊ အရံစေတီတော် အသေးတစ်ဆူ (ကိုယ်လုံးတော်နှင့်ထီးတော်) ငွေကျပ် ၇၅၀၀၀၀၊ မျက်ပါးရွှေ(နှစ်လက်မ၊ နှစ်လက်မ) တစ်ဆိုင်းအတွက် ငွေကျပ် ၁၅၀၀၀၊ ကိုးလက်မပတ်လည်ကြေးပြားပေါ်တွင် မျက်ပါးရွှေသင်္ကန်းကပ်လှူရန်အတွက် ငွေကျပ် ၅၀၀၀နှင့် မျက်ပါးရွှေတစ်ရွက် ကပ်လှူရန်အတွက် ငွေကျပ် ၁၅၀နှုန်းဖြင့် ဆူးလေစေတီတော် ဘက်စုံမွမ်းမံပြန်လည်တည်ဆောက်ရေးစီမံကိန်း၏ ကြံ့တောင့် ကြံ့ခဲ ကုသိုလ်လှူပွဲသို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးနှင့် ပညာရေးအဖွဲ့တို့ကအထက(၂) စမ်းချောင်းတွင် စခန်းသွင်းလေ့ကျင့် သင်ကြားလျက်ရှိသော တက္ကသိုလ်စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုကြမည့် လှိုင်မြို့နယ်မှ မီးဘေးသင့် ကျောင်းသူများအတွက် အာဟာရဖြည့် စားသောက်ဖွယ်ပစ္စည်းများကို ပြန်ကြားရေးရာဌာနကြီး ဒုတိယဌာနကြီးမှူး ပညာရေးအဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များက ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လေးမြင့်ထံ ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ရောဝတီတံတား(မကွေး)ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်ထားကြောင်းနှိုးဆော်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရောဝတီတံတား(မကွေး)ရေလမ်းကြောင်းတွင် ရေယာဉ်များ သွားလာရန် ရေလမ်းကြောင်းကို မကွေးဘက်၌ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃) နှင့်(၄) အကြားမှလည်းကောင်း၊ အဆန်လမ်း အဖြစ် ရေလယ်တိုင် အမှတ်(၂) နှင့်(၃) အကြားမှလည်းကောင်း ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များ သွားလာရန် ရေလမ်းကြောင်းကို ဖေဖော်ဝါရီ ၁၄ရက်မှစ၍ မကွေးဘက်၌ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့်(၃) အကြားမှ လည်းကောင်း၊အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁)နှင့် (၂) အကြားမှ လည်းကောင်း ပြောင်းလဲသတ်မှတ်ဖွင့်လှစ်ထားသည်။

ပြောင်းလဲထားသည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၁၁၀ မီတာရှိ၍ ကင်းလွတ်အမြင့်မှာ ၁၇ မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်၌ အစိမ်းရောင် တြိဂံအမှတ်အသား ပြသထားပြီး ညအခါ မီးစိမ်း ထွန်း ပြသထားသည်။ မဝင်ရမည့် ရေလမ်း၌ အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသထားပြီး ညအခါ မီးနီထွန်းပြသထားသည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ပေ ၂၀ ခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင် ခုတ်မောင်းခြင်း မပြုရန်နှင့် တွဲရေယာဉ်များ တစ်တွဲချင်း ဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ဧကရီမဖုရားစာအုပ်ဖြန့်ချီ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

စာရေးဆရာ တက္ကသိုလ်စိန်တင် ရေးသားပြုစုသော ဧကရီမဖုရားစာအုပ်ကို ရန်ကုန်တက္ကသိုလ်များ သမိုင်းသုတေသန ဦးစီးဌာနမှ စတုတ္ထအကြိမ် ပုံနှိပ်ထုတ်ဝေ၍ အားမာန်သစ်စာပေ ရန်ကုန်မြို့ ဖုန်း–၃၉၄၆၈၅ မှ ဖြန့်ချိလိုက်ကြောင်း သိရသည်။ **(က–ပ)**

အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ကျောက်တံတား အထက ကျောင်းသူကျောင်းသားဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို မတ် ၂ ရက် နံနက် ၉နာရီတွင် အထက ကျောက်တံတား ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ကန်တော့ခံ ဆရာ ဆရာမကြီးများအတွက် အလှူငွေနှင့်ပစ္စည်းများလှူဒါန်းလိုကြသည့် ကျောင်းသားကျောင်းသူဟောင်းများသည် ဆရာမ ဒေါ်စန်းစန်း၊ ဒေါ်ညွန့်ညွန့်ထွေး၊ ဒေါ်သန်းမြင့် (အထက၊ ကျောက်တံတား)၊ ကိုအောင်လင်း(၁၉၈၄) ဖုန်း–၅၄၆၁၆၅၊ ကိုသူရိထွန်း ဖုန်း–၀၉၉၉–၂၀၅၉၄၊ ကိုညိုမြင်းလွင် ဖုန်း–၂၄၆၈၃၅၊ မပိုးပိုးအောင်၊ ကိုကြီးစိုးအောင် ဖုန်း–၇၂၇၈၇၂၊ ကိုသိုက်ထွန်းအောင် ၁၃၄၊ ၃၃ လမ်း (ပထမထပ်)၊မလင်းလင်းထွန်း၊ မသန္တာထွန်း ဖုန်း–၂၅၄၁၅၂၊ ကိုကျော်ဖြိုးဝေ ဖုန်း–၀၉–၅၁ ၄၄၀၅၉၊ ကိုထက်မြက်ဦး ဖုန်း–၂၈၄၆၄၄ နှင့် ကိုဇင်မိုးအောင် ဖုန်း–၂၉၉၅၃ တို့သို့ ဆက်သွယ်လှူဒါန်းကြရန် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ
ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ(၁၇)ရက်နေ့အထိ နိုင်ငံအဝန်းတွင်

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၅၀၃၆၂)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးလက်နေ ပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈–၂–၂၀၀၆ (စနေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	အရည်အသွေးကောင်းလို့ စံချိန်မီ မြန်မာ့ကြက်ဆင်ဇာမဏီ
၇:၂၀	တေးဂီတအစီအစဉ်
၇:၂၅	အမျိုးသားကန်တော်ကြီး ဥယျာဉ် (သဘာဝငှက်ဥယျာဉ်)
၇:၄၀	တေးဂီတအစီအစဉ်
၇:၄၅	ပြည်တွင်းသတင်းအကျဉ်း
၇:၅၅	မြန်မာ့ရုပ်ရှင် ထူးချွန်ဆုများ အကြောင်း သိကောင်းစရာ (အပိုင်း–၃)
၈:၅၀	တေးဂီတအစီအစဉ်
၈:၅၅	ရေကူးရအောင်
၉:၁၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၁၅	ကမ္ဘာ့အမြင်ကမ္ဘာ့စီးပွား (ဒေါက်တာခင်မောင်ညို၊ ဦးမျိုးမြတ်သူ)
၉:၄၀	တေးဂီတအစီအစဉ်
၉:၄၅	မိသားစုတနင်္ဂနွေ (Happy World)
၁၀:၀၀	မိုးလေဝသခန့်မှန်းချက်
၁၀:၀၅	အားလုံးကျန်းမာကြစေဖို့ ကျောင်းတွင်းစား သောက်ဆိုင်များ သန့်ရှင်းစို့
၁၀:၂၀	တေးဂီတအစီအစဉ်
၁၀:၂၅	လှပဆင်ယင် သတို့သမီးဖက်ရှင်
၁၁:၀၅	တေးဂီတအစီအစဉ်
၁၁:၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၀	ခြံတွင်းဥယျာဉ်စိုက်ပျိုးမှု အနုပညာ
၁၁:၃၀	တေးဂီတအစီအစဉ်
၁၁:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၀	Sony Bravia
၁၁:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

FA Cup ဘောလုံးပွဲစဉ်

ညပိုင်း	အစီအစဉ်	လိုင်း
၆:၃၀	ပွဲကြိုသုံးသပ်ချက်	5-Sports(Live)
၆:၅၅	Liverpol-Man:United	5-Sports(Live)
၉:၂၅	Bolton-West Ham	5-Sports(Live)
	Charlton-Brentford	5-Movies(Live)
၁၂:၀၅	Newcastle-Southampton	5-Sports(Live)
၂:၃၀	Final Score	5-Sports(Live)

Series-A ဘောလုံးပွဲစဉ်

ညပိုင်း	အစီအစဉ်	လိုင်း
၁၀:၃၀	Messina-Juventus	5-Cartoons (Live)

☆ ရှေ့ဖုံးမှ

တက်ရောက်

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ စစ်ဒေသမှူးများ၊ တပ်နယ်မှူးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ တက္ကသိုလ်၊ ကောလိပ်များမှ ဌာနမှူးများ၊ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများ၊ မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းကြပ်မတ်မှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်း

ထို့နောက် တက္ကသိုလ်၊ ကောလိပ်များမှ ဌာနမှူးများ၊ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်း ဥက္ကဋ္ဌများက ကျောင်းကြို၊ ပို့ယာဉ်များနှင့်ပတ်သက်သည့် ကိစ္စရပ်များ၊ ယာဉ်တိုက်ခိုက်မှု လျှော့နည်းကျဆင်းစေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျ လိုက်နာကြစေရေး အတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် မော်တော်ယာဉ်များအား စီအင်န်ဂျီ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ အဖြစ် ပြောင်းလဲပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံသောအားဖြင့် မြစ်ကြီးနားမြို့ ဒူကထောင်ရပ်ကွက် စိမ်းလန်းသာယာ(မနော)လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက်က လမ်းသစ်မုခ်ဦးတွင် ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် တက်ရောက်ချီးမြှင့် အမှာစကားပြောကြားသည်။

အခမ်းအနားတွင် မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးအေးဆွေက ဒူကထောင်ရပ်ကွက် စိမ်းလန်းသာယာ(မနော)လမ်း ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး လမ်းသစ်အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမြင့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ(ဒုတိယညွှန်ကြားရေးမှူး) ဦးအေးဆွေ၊ လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အောက်ပုံ)** တိုင်းမှူးနှင့် တာဝန်ရှိသူများက လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါလမ်းမှာ မူလမြေသားလမ်းဖြစ်ပြီး ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ခြင်းဖြစ်ကာ အရှည်ပေ ၂၁၀၀ အကျယ် ၁၂ပေရှိ လမ်းအတွက် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကတ္တရာပုံးပိုးမှု တန်ဖိုးငွေကျပ် ၁၂၃၂၀၀၀၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ယာဉ်စက်ယန္တရားအတတ်ပညာနှင့် ကတ္တရာ ထည့်ဝင်မှုတန်ဖိုး ၁၂၃၂၀၀၀နှင့် ရပ်ကွက်ပြည်သူက ပစ္စည်းတန်ဖိုး၊ စက်သုံးဆီ၊ လုပ်အားခထည့်ဝင်မှု တန်ဖိုးငွေ ၆၁၃၀၀၀၀ ထည့်ဝင်ပြီး စုစုပေါင်းငွေကျပ် ၈၅၉၄၀၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **(မြို့နယ်စည်ပင်)**

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အက်ဖ်အမ်အိုင် စီးတီး ရွှေသရဖီ (၄)လမ်းနေ ဒေါက်တာဦးတင်အောင်-ဒေါ်အေးအေးမြင့်၊ သမီး-ဒေါက်တာဖြူဖြူအောင်၊ ဒေါက်တာဝါဝါ၊ သား ဒေါက်တာအောင်မွန် မိသားစုတို့က ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတ မြို့ရွှေကျောင်းတိုက် မြန်အောင်သမ္ဗုဒ္ဓေ ဘုရား စေတီရံ ၁၀၈ ဆူတို့တွင် တစ်ဆူအတွက် အလှူတော်ငွေကျပ်တစ်သိန်း ဆက်ကပ်လှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

ဝန်ကြီး ဗိုလ်ချုပ်စောထွန်း အမ်း-ပဒါန်းလမ်း လုပ်ငန်းပြင်ဆင်မှုစစ်ဆေး လမ်းအပိုင်းများပွင့်လင်းရာသီအမီ ကောင်းမွန်အောင်ပြုပြင်ရေးမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ဖေဖော်ဝါရီ ၁၃ရက်တွင် ရခိုင်ပြည်နယ် မအီ-ကျောက်ဖြူ လမ်းပေါ်ရှိ မအီတံတားစီမံကိန်းရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ် အင်ဂျင်နီယာမှူးကြီး၊ ခရိုင် အင်ဂျင်နီယာမှူးများ၊ လမ်း၊ တံတား တည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့များမှ တာဝန်ခံအင်ဂျင်နီယာများနှင့် တွေ့ဆုံဆွေးနွေးပြီးဝန်ကြီးက လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားကာ တင်ပြချက်များမှ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးသည် မအီမြို့မှ အမ်း-ပဒဲကြော-မအီလမ်းအတိုင်း အမ်းမြို့သို့ထွက်ခဲ့ရာ ၁၅ မိုင် ခုနစ်ဖာလုံနှင့် ကိုးမိုင် လေးဖာလုံ၌ စက်ယန္တရားကြီးများဖြင့် လမ်းအတက်အဆင်း နိမ့်မြင့်ဖြေ၍ မြေဖြတ်ခြင်း၊ မြေဖို့ခြင်း၊ မြေကြိတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းပေး

ယင်းနောက် ဝန်ကြီးသည် အမ်းမြို့မှ အမ်း-ပဒါန်းလမ်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ကတ္တရာလမ်းများ ပြင်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ မူလလမ်းသားပျက်နေသည့် လမ်းအပိုင်းများကို ပွင့်လင်းရာသီအပြီး ကောင်းမွန်အောင် ပြုပြင်ရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံး ၁၀ဦးအနက် သိပ္ပံဘာသာတွဲဖြင့် အဆင့် ၇ ရရှိသူ မောင်ကောင်းမြတ်မင်းအား ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)၏ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ၁၅ရက်က ဗဟန်းကြားတောရလမ်း ဧရာဝတီတိုင်းခန်းမ၌ ကျင်းပရာ ရန်ကုန်ပို့စ်သတင်းဂျာနယ် အုပ်ချုပ်ရေးမှူးချုပ်နှင့် အယ်ဒီတာချုပ် ဦးအောင်ဂျမ်းကျော်တို့က ဂုဏ်ပြုငွေများအသီးသီးချီးမြှင့်ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ဦးတင်ထွန်း (ငွေတိုက်စိုးကုမ္ပဏီလီမိတက်)သည် ကစားဖော်များဖြစ်ကြသော ဦးစိန်သန်း (ရွှေသဇင်စင်ဒီကိတ်)၊ ဦးညွှန့်အေး (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း) တို့နှင့်အတူ ဖေဖော်ဝါရီ ၁၀ရက် နံနက်ပိုင်းက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ငွေသော်တာ ဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ်(၁၃၃)ကိုက်အကွာအဝေးရှိသော ကျင်းအမှတ် (၁၆)တွင် Tourstage No. 4 ဘောလုံးကို Honma Iron No. 8 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်အရှေ့ပိုင်းခရိုင် မူကြိုကလေးငယ်များ ကာယဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ အပြည်ပြည်ဆိုင်ရာကလေးများနေ့ အထိမ်းအမှတ် မူကြိုကလေးငယ်များ ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ရက် နံနက် ၁၀နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်သည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကားပြောကြားပြီး ဧည့်ပရိသတ်များနှင့်အတူ မူကြိုကလေးငယ်များ၏ တိုင်းရင်းသားရိုးရာအကများနှင့် ချစ်စရာ့အရွယ် ကစားကြမယ်အစီအစဉ်ကို ကြည့်ရှုအားပေးသည်။

ဂုဏ်ပြုလက်ဆောင်ပေး

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ **(ဝဲပုံ)** နှင့် တာဝန်ရှိသူများက ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲများ၌ ဆုရရှိကြသည့် မူကြိုကလေးငယ်များနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများအား ဆုများပေးအပ်ချီးမြှင့်ကြပြီး ပြိုင်ပွဲ၌ ပါဝင်ကူညီခဲ့ကြသူများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ အင်ဒိုနီးရှားအဖွဲ့လေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီးကတော် Madame Wyoso Prodjowarsito ဦးဆောင်သော Indonesian Ladies Group မှ အမျိုးသမီး၁၈ဦး ပါဝင်သော အဖွဲ့သည် ဖေဖော်ဝါရီ ၁၃ရက် နံနက်ပိုင်း က ဗဟန်းမြို့နယ်ရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ လာရောက်လေ့လာရာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်နှင့်အဖွဲ့ဝင်များက ကြိုဆို၍ သီရိရတနာခန်းမတွင် တွေ့ဆုံညှိခဲ့သည်။

ရှင်းလင်း

ရှေးဦးစွာ အင်ဒိုနီးရှားအဖွဲ့နှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ အပြန်အလှန် မိတ်ဆက်ကြပြီး သံအမတ်ကြီးဇနီးက ရိပ်သာသို့ လာရောက် လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဘိုးဘွားများအတွက် စားသောက်ဖွယ်ရာ ပစ္စည်းများလှူဒါန်းရာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်က လက်ခံရယူသည်။ **(အောက်ပုံ)**

ဆက်လက်၍ အင်ဒိုနီးရှား အမျိုးသမီးအဖွဲ့က အင်ဒိုနီးရှား အဆိုအကများဖြင့် ဖျော်ဖြေရာ ဘိုးဘွားများ အထူးနှစ်သက်ကြသည်။ ပြီးနောက် အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အင်ဒိုနီးရှား အမျိုးသမီးအဖွဲ့သို့ သစ်သီးခြင်း လက်ဆောင်ပေးအပ်ရာ အဖွဲ့ကိုယ်စား သံအမတ်ကြီးကတော်က လက်ခံရယူသည်။

လေ့လာ

အင်ဒိုနီးရှား အမျိုးသမီးအဖွဲ့သည်သုံးထပ်ဆေးရုံသစ်ကြီးမှ ဘိုးဘွားလူနာများအား ကြည့်ရှုအားပေးကြပြီး ဘိုးဘွားများ နေ့လယ်စာ သုံးဆောင်နေပုံများကို လေ့လာကြည့်ရှုပြီးနောက် ပြန်လည်ထွက်ခွာသွားကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

စာပေနှင့်စာနယ်ဇင်းသို့ ငွေကျပ်ငါးသိန်းလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာစာပေ ဖွံ့ဖြိုးရေးကို အားပေးသောအားဖြင့် ထွန်းဖောင်ဒေးရှင်းက မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ရန်ပုံငွေသို့ ငွေကျပ်သုံးသိန်းနှင့် တက္ကသိုလ်ထင်ကြီး ဒီဂျစ်တယ်ရည်ညွှန်းစာကြည့်တိုက် ငွေပဒေသာပင်သို့ ငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ရွှိုင်ရယ်ဂါးဒင်း စားသောက်ဆိုင်၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် ထွန်းဖောင်ဒေးရှင်း ဘဏ်ဥက္ကဋ္ဌ ဦးသိန်းထွန်းက အလှူငွေစုစုပေါင်း ငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က လက်ခံသည်။

ထို့နောက် ထွန်းဖောင်ဒေးရှင်းက မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏အကူအညီဖြင့် နှစ်စဉ် ချီးမြှင့်သွားမည့် "ထွန်းဖောင်ဒေးရှင်း စာပေဆု" တည်ထောင်ရခြင်းအကြောင်းကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့သန့်ရှင်းသာယာလှပရေးဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၉ရက်က မိုင်းခတ်မြို့နယ် မြို့လယ်ပန်းခြံ သန့်ရှင်းသာယာ လှပရေးလုပ်ငန်းများအား တာဝန်ခံအင်ဂျင်နီယာ ဦးရဲမင်းအောင် ဦးဆောင်ဆောင်ရွက်ခဲ့ရာ အမှုဆောင်အရာရှိ ဦးမျိုးဝင့်ဇော်က ကွင်းဆင်းကြပ်မတ်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မီးဘေးရှောင် မလောင်ခင်တား

အထက (၂) မိတ္ထီလာ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

အထက(၂)မိတ္ထီလာ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အထက(၂) မိတ္ထီလာ ရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ၁၉၅၇ခုနှစ်မှ ၂၀၀၅ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး အသက်(၆၀)ပြည့် အငြိမ်းစားယူသွားခဲ့ကြသော ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

နှစ်စဉ်နှစ်တိုင်း ကျင်းပနိုင်ရေးအတွက် ငွေပဒေသာပင်တစ်ပင်လျှင် ကျပ်၅၀၀၀နှုန်းဖြင့် စိုက်ထူလှူဒါန်းကြပါရန်နှင့် ဦးစောဌေး ဖုန်း-၀၆၄-၂၃၃၄၈၊ ဒေါ်ရီရီ ဖုန်း-၀၆၄-၂၃၄၀၄၊ ဦးဆုမြိုင်-ဒေါ်ရင်ရင် ဖုန်း-၀၁-၅၈၄၇၈၈၊ ဦးဇော်ဦး ဖုန်း-၀၆၄- ၂၁၃၀၆၊ ဦးဝင်းမြင့် ဖုန်း-၀၆၄- ၂၁၉၀၉၊ ဦးခင်ထွန်း ဖုန်း-၀၆၄- ၂၁၁၃၀နှင့် ဦးဝါလား ကျောင်းအုပ်ကြီး အထက(၁) သာစည်တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဓမ္မသံတမန်တော်ကြီးများနှင့် နိုင်ငံအချင်းချင်းဆက်ဆံရေး

သီတဂူဆရာတော်
Dr.အရှင်ဉာဏိဿရ

မြတ်ဗုဒ္ဓပွင့်တော်မူ၍ ကောသလတိုင်း သာဝတ္ထိမြို့တော်သို့ ရောက်ရှိ သီတင်းသုံးနေထိုင်သောအခါ၌ ကောသလတိုင်း သာဝတ္ထိမြို့နှင့် မဒ္ဒတိုင်း ကုက္ကုဋဝတီမြို့တို့အကြား ကုန်ကူးသန်းရောင်းဝယ်မှု ရှိခဲ့သည်။ သာဝတ္ထိမြို့မှ ကုန်သည်တို့သည် ကုက္ကုဋဝတီမြို့သို့ ကုန်ရောင်းကုန်ဝယ်သွားတိုင်း ထိုမြို့တွင်နန်းစိုက်သော မဟာကပ္ပိနမင်းကြီးထံ ဝင်ရောက်ခစား၍ လက်ဆောင်ပဏ္ဏာများ ဆက်သလေ့ရှိကြသည်။ ကုန်ပစ္စည်းလက်ဆောင်များသာမက သာသနိကလက်ဆောင်များကိုပါ ဆက်သကြရာ ဘုရားပွင့်ရာ မဟာဗောဓိနှင့် ဝေးကွာလှသည့် အစွန်အဖျားအရပ်=ပစ္စန္တ ရဌ်၌ ထီးနန်းစိုးစံသောဘုရင်ကြီး မဟာကပ္ပိနနှင့် မင်းပရိသတ်အားလုံးတို့သည် **“ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဓမ္မော လောကေသမုပ္ပန္နော၊ သံဃော လောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ”**အစရှိသော သာသနာ့လက်ဆောင်များကိုပါ လက်ခံရရှိ ပူဇော်ခွင့်ရခဲ့ကြသည်။ ထိုသာသနိက လက်ဆောင်သတင်းစကားကိုပင် အကြောင်းပြု၍ မဟာကပ္ပိနမင်းနှင့် မိဖုရားအနောဇာတို့သည် ရတနာသုံးပါးကို ဖူးတွေ့လိုဇောဖြင့် မြစ်အတန်တန် တောတောင်အထပ်ထပ် ခရီးရှည် ခရီးကြမ်း နှင်လာကြကုန်လျက် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်ဝယ် မြတ်ဗုဒ္ဓထံတော်၌ ရဟန်းပြုကြလေကုန်၏။

ဇမ္ဗူဒီပါလုံးကို အုပ်စိုးနေသော ဓမ္မာသောကမင်းတရားသည် တစ်ခါမျှမမြင်ဘူးသော လင်္ကာဒီပမင်းတရား ဒေဝါနံပိယတိဿထံသို့ လက်ဆောင်ပဏ္ဏာများ အကြိမ်ကြိမ်ပို့၍ အဒိဋ္ဌသဟာယ = လူချင်းမမြင်ဘူးကြသော်လည်း ရင်းနှီးသော မိတ်ဆွေများ ဖြစ်ခဲ့ကြလေသည်။ နောင်သောအခါ (သာသနာတော်နှစ်-၂၃၆တွင်) ဓမ္မာသောကမင်းကြီးက သားတော် မဟိန္ဒမင်းသားနှင့် သမီးတော်သင်္ဃမိတ္တာ၊ မြေးတော် သုမနမင်းသားတို့ကို ရဟန်းပြုစေပြီး တန်ဖိုးမဖြတ်နိုင်သည့် ဓမ္မလက်ဆောင်များကို လင်္ကာဒီပသို့ပို့ခဲ့ရာ လင်္ကာဒီပဘုရင် ဒေဝါနံပိယတိဿသည် ဝမ်းပန်းတသာ ကမ်းလှမ်းကြိုဆိုခဲ့သည်။ နှစ်နိုင်ငံဆက်ဆံမှုသည်လည်း ညီအစ်ကိုရင်းပမာ ချစ်ခင်ရင်းနှီးသော ဆက်ဆံမှုအဖြစ် တိုးတက်ခဲ့သည်။ ထိုဆက်ဆံမှုကို အကြောင်းပြု၍ လင်္ကာဒီပသည်လည်း ဓမ္မဒီပဖြစ်ခဲ့ရသည်။ ဓမ္မသံတမန်တော်ကြီးများသည် စွမ်းနိုင်တော်မူကြပေသည်တကား။

၂၀၀၆ခုနှစ် ဇန်နဝါရီရက်တွင် သီရိလင်္ကာနိုင်ငံ မြို့တော်ကိုလံဘို၏ တောင်ဘက် ပေါကုနဝိတမြို့ကလေး၌ ရွှေကျင်ဂိုဏ်း နှစ်(၁၀၀)ပြည့်ပွဲကို တစ်ခမ်းတစ်နား ကျင်းပခဲ့ကြသည်။ လူထုပရိသတ် ၁၀၀၀ ကျော်၊ ဂိုဏ်းပေါင်းစုံသံဃာ ၅၀၀ကျော်တို့ တက်ရောက်ခဲ့သည်။ သီရိလင်္ကာနိုင်ငံ သမ္မတ၊ ဝန်ကြီးချုပ်နှင့် သာသနာရေးဝန်ကြီးတို့လည်း တက်ရောက်ကြည်ညို ဂုဏ်ပြုကြသည်။ ကလျာဏီတက္ကသိုလ်၊ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်၊ ဝိဇ္ဇောဒယကျောင်းတိုက်၊ မဟာဝဇိရာရာမကျောင်းတိုက်၊ မဟာဝိသုဒ္ဓါရာမကျောင်းတိုက်များမှ ကျောင်းတိုက်အကြီးအကဲများ၊ ကလျာဏီတက္ကသိုလ်၊ ဗုဒ္ဓ တက္ကသိုလ်တို့မှ ပါမောက္ခချုပ်များလည်း တက်ရောက်ခဲ့ကြသည်။ မကုဋာရာမ မြန်မာကျောင်းတိုက်မှ သံဃာတော်အပါး၂၀တို့လည်း တက်ရောက်ကြသည်။ ထိုရွှေကျင်ဂိုဏ်း၏နှစ်(၁၀၀)ပြည့်ပွဲကြီးသို့ မြန်မာနိုင်ငံရွှေကျင် ဂိုဏ်းကြီး၏ကိုယ်စား သီတဂူဆရာတော် Dr.အရှင်ဉာဏိဿရ တက်ရောက်ခဲ့သည်။ ထိုပွဲတွင် ဒီလင်္ဂါခေရပ် ကန္ဒုဗောဓမြို့ ဝိပဿနာကမ္မဋ္ဌာန်းဌာန၏ အကြီးအကဲ အရှင်ပိယာနန္ဒမထေရ်ကို သီရိလင်္ကာရွှေကျင်ဂိုဏ်းကြီး၏ မဟာနာယက အဖြစ် တင်မြှောက်ကြသည်။ ထိုသံဃမဟာနာယကခန့်အပ်လွှာကို မန္တလေး မြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ရွှေကျင်နိကာယ ဓမ္မသေနာပတိ သံဃရာဇာ သာသနာပိုင် ဘဒ္ဒန္တ အဂ္ဂိယဆရာတော်ကြီးကိုယ်တိုင် လက်မှတ်ရေးထိုး ပေးပို့ခဲ့သည်။ ရွှေကျင်သာသနာပိုင် ဆရာတော်ကြီး၏ ကိုယ်စား သီတဂူ Dr.အရှင်ဉာဏိဿရက ထိုသီရိလင်္ကာ ရွှေကျင်နိကာယ မဟာနာယက ခန့်အပ်လွှာကို သီဟိုဠ်ဝန်ကြီးချုပ်လက်သို့ ပေးအပ်ခဲ့သည်။ သီဟိုဠ်ဝန်ကြီးချုပ်က အရှင်ပိယာနန္ဒမထေရ်အား အပ်နှင်းခဲ့သည်။ ရွှေကျင် သာသနာပိုင်ဆရာတော်ကြီး၏ ဩဝါဒကို Dr. အရှင်ဉာဏိဿရက ဖတ်ကြား၍ ထိုဩဝါဒကထာကို သီရိလင်္ကာ ရွှေကျင်နိကာယ မဟာ နာယကလက်သို့ အပ်နှင်းခဲ့သည်။ ထို့နောက် နှစ်(၁၀၀၀)ကျော်ကာလအတွင်း သီရိလင်္ကာ-မြန်မာနှစ်နိုင်ငံအကြား အပြန်အလှန် သာသနိကလက်ဆောင်များကမ်း၍ သာသနာ့သံတမန်တော်ကြီးများစေလွှတ်ခြင်းနှင့် သီရိလင်္ကာ-မြန်မာ ချစ်ခင်ရင်းနှီးမှုသမိုင်းကို ဟောပြောတင်ပြ ဖတ်ကြားခဲ့သည်။ ဝန်ကြီးချုပ်နှင့်ဝန်ကြီးများ၊ မြန်မာနိုင်ငံမှ သီရိလင်္ကာနိုင်ငံရောက် နိကာယာဓိပတိသံဃာတော်များ (ရွှေကျင်နိကာယ၊ ရာမညနိကာယ၊ အမရပူရနိကာယ)ကအားရဝမ်းသာ သာဓုခေါ်ကြသည်။ သီရိလင်္ကာနှင့်မြန်မာတို့အကြား နှစ်ပေါင်းထောင်ချီ ကြာအောင် ဤမျှခိုင်မြဲသော ချစ်ကြည် ရင်းနှီးမှုနှင့် အပြန်အလှန် အဆက်အသွယ်များ ရှိခဲ့ကြောင်း သိကြရသဖြင့် အလွန်ဝမ်းမြောက် ကြည်နူးကြရသည်။

မြန်မာ-သီရိလင်္ကာ သာသနာ့တမန်အပြန်အလှန်ဆက်ဆံရေးခရီး

သာသနာတော်နှစ် ၂၃၆ခုနှစ်(BC-307)တွင် အသောကမင်းကြီး၏ သားတော် အရှင်မဟိန္ဒမထေရ်ဆောင်ယူခဲ့သော သာသနာတော်ထွန်းကားပြန့်ပွားရာ သီရိလင်္ကာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကို မူရင်းအတိုင်းစစ်မှန်စွာ ကျင့်သုံးဆဲရှိသော နိုင်ငံတစ်ခုဖြစ်ပါသည်။ သီရိလင်္ကာနိုင်ငံ၌ စတုတ္ထသင်္ဂါယနာတင်ပြီးနောက် အဘယဂိရိဝါသီဂိုဏ်း၊ ဇေတဝနဝါသီဂိုဏ်း၊ မဟာဝိဟာရဂိုဏ်း၊ မဟာဝိဟာရဝါသီဂိုဏ်းဟု ဂိုဏ်းကြီးလေးဂိုဏ်း ကွဲပြားခဲ့သည်။

မြန်မာဘုရင် အနော်ရထာသည် လင်္ကာဒီပဘုရင် သီရိသံဃဗောဓိမင်းထံမှ ပိဋကတ်တော်နှင့် ဗုဒ္ဓစွယ်တော်တို့ကို ပင့်ဆောင်ပူဇော်ခဲ့သည်။ မြန်မာဘုရင် အလောင်းစည်သူသည် လင်္ကာဒီပသို့ ရေကြောင်းခရီးဖြင့် သွားရောက်လည်ပတ်ခဲ့သည်။ မြန်မာဘုရင် နရပတိစည်သူသည် လင်္ကာဒီပဘုရင် ပထမပရက္ကမဗာဟုမင်း၏ တောင်းဆိုချက်အရ သာသနာရေး အကူအညီများပေးခဲ့သည်။ ထိုနရပတိစည်သူမင်းလက်ထက်တွင် ဥတ္တရာဇီဝမထေရ်သည် အသက်၂၀ပြည့်ပြီးသော ဆပ္ပဒသာမဏေကိုခေါ်၍ သီဟိုဠ်ကျွန်းသို့ ကြွရောက်တော်မူသည်။ ဆပ္ပဒသာမဏေသည် သီရိလင်္ကာ၌ ရဟန်းအဖြစ်ကိုခံယူရရှိတော်မူပြီး အရှင်ဥတ္တရာဇီဝနှင့်အတူ ပုဂံပြည်သို့ပြန်မလိုက်တော့ဘဲ သီရိလင်္ကာ၌ပင် ပရိယတ္တိကိုသင်ကြားလျက် ၁၀ဝါရသည်အထိ သီတင်းသုံးတော်မူသည်။ ထို့နောက်မှ သီရိလင်္ကာသား ရဟန်းတော်လေးပါးနှင့်အတူ ပုဂံပြည်သို့ ပြန်လည်ကြွရောက်တော်မူသည်။ ပုဂံပြည်၌ သီတင်းသုံးရင်း သဒ္ဒါကျမ်းအဖွင့် နိဒ္ဒေသကျမ်းနှင့် အဘိဓမ္မတ္ထသင်္ဂဟကျမ်းအဖွင့် သင်္ခေပဝဏ္ဏနာဋီကာစသော ကျမ်းများကို ပြုစုစီရင်တော်မူသည်။ ထိုဆပ္ပဒမထေရ်၏ အမည်ရင်းကား အရှင်သဒ္ဓမ္မဇောတိပါလဖြစ်၏။

မြန်မာနိုင်ငံ၌ မိုးညှင်းမင်း (AD. 1426-1439) အုပ်စိုး၍ သီရိလင်္ကာ၌ သီရိပရက္ကမဗာဟုမင်း အုပ်စိုးစဉ် သီရိလင်္ကာမှ သီရိသဒ္ဓမ္မလင်္ကာရထေရ်နှင့်သီရိသီဟဠမဟာသာမိထေရ် နှစ်ပါးတို့ ဗုဒ္ဓဓာတ်တော်ငါးဆူ ပင့်ဆောင်ကာ မြန်မာနိုင်ငံသို့ ကြွရောက်ခဲ့ကြသည်။ လင်္ကာဒီပမှ ပင့်ဆောင်လာသော ဓာတ်တော်ငါးဆူကို ဌာပနာ၍ စစ်ကိုင်းမြို့၌ ရတနာစေတီခေါ် ဆင်များရှင်စေတီကို တည်ထားကိုးကွယ်ခဲ့သည်။ ထို့အပြင် ၎င်းသီရိလင်္ကာသား ရဟန်းများ၏ လမ်းညွှန်ချက်နှင့်အညီ မိုးညှင်းမင်းတရား၏ အမတ်ကြီးရာဇသင်္ကြန်က စေတီတစ်ဆူကို တည်ထားကိုးကွယ်ခဲ့ပြန်သည်။ ထိုစေတီကို သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့ အရှေ့ဘက်၄၅မိုင်ခန့်အကွာ မဟာဝေလီမြစ်အနီးရှိ မဟိယင်္ဂဏစေတီ၏ အမည်နှင့်ပုံစံကိုယူ၍ တည်ထားခဲ့သည်။ ယခုအခါ လူအများက မဟိယင်္ဂဏအစား မရှိခဏဘုရားဟု ခေါ်ဝေါ်နေကြသည်။ (ပုဂံခေတ် အခေါ်အဝေါ်အရ မဟိဟူသောစကားသည် “မရှိ”ဟု အဓိပ္ပာယ်ရသော ဟူ၏။)

သာသနာတော်နှစ် ၂၀၁၉ခုနှစ်၊ ခရစ်နှစ်၁၄၇၆ခုနှစ်တွင် နန်းတက်သော မြန်မာဘုရင် ဓမ္မစေတီမင်းသည် သီရိလင်္ကာဘုရင် ဘုဝနေကဗာဟုမင်းလက်ထက်တွင် မြန်မာနိုင်ငံသား ရဟန်းတော်များကို သီရိလင်္ကာသို့စေလွှတ်ပြီး သိက္ခာအသစ် ခံယူစေသည်။ သာသနာတော်နှစ်၂၁၂၀ကျော်ကာလ၊ ခရစ်နှစ်၁၅၇၇ခန့်၌ သီရိလင်္ကာကို ဘုရင်လေးဦး နယ်သီးခြားခွဲ၍ အုပ်စိုးခဲ့ကြသည်။ ဘုရင်လေးဦးအနက် ဓမ္မပါလဘုရင် တစ်ဦးသာ ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး ကျန်ဘုရင်သုံးဦးမှာ ဘာသာဝါဒခြားများ ဖြစ်ကြ၏။ ထိုစဉ်က ပေါ်တူဂီနှင့်ဒတ်ချ်တို့က သီရိလင်္ကာ တစ်စိတ်တစ်ဒေသကို လွှမ်းမိုးချုပ်ကိုင်ထားဆဲဖြစ်သည်။ မြန်မာဘုရင် ဘုရင့်နောင်သည် သီရိလင်္ကာဘုရင်ဓမ္မပါလ၏ တောင်းဆိုချက်အရ စစ်တပ်စေလွှတ်၍ ဓမ္မပါလမင်းကို အားပေးကူညီကာ ဗုဒ္ဓသာသနာတော်ကို တည်တံ့ခိုင်မြဲအောင် ကူညီပေးခဲ့သည်။

မျက်မှောက်ခေတ် သီရိလင်္ကာနိုင်ငံ၌ သျှာမနိကာယဂိုဏ်း၊ အမရပုရနိကာယဂိုဏ်း၊ ရာမညနိကာယဂိုဏ်းနှင့် ရွှေကျင်ဂိုဏ်းဟု ဂိုဏ်းကြီးလေးဂိုဏ်းရှိသည်။

သီရိလင်္ကာရွှေကျင်ဂိုဏ်းကို ပထမရွှေကျင်ဆရာတော် ဘုရားကြီးက အစပျိုးခဲ့သည်။ သီရိလင်္ကာ၌ ရွှေကျင်ဂိုဏ်း စတင်တည်ထောင်သည့်နှစ်ကို လွန်ခဲ့သော အနှစ်တစ်ရာတိတိကဟု အမှတ်အသားရှိသော်လည်း ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဩဝါဒကိုခံယူ၍ ရွှေကျင်ဂိုဏ်း၏ ကျင့်ထုံးဥပဒေသများကို လက်ခံကျင့်သုံးလာသည်မှာ အနှစ်တစ်ရာကျော်ရှိခဲ့ပေပြီ။

ပထမ ရွှေကျင်ဆရာတော်ကြီးသည် သာသနာတော်နှစ် ၂၃၆၆ခုနှစ် ခရစ်နှစ်၁၈၂၃ခု ဝါဆိုလတွင် စစ်ကိုင်းတိုင်း ဝက်လက်မြို့ ရွှေကျင်ရွာ၌ မွေးဖွားတော်မူ၍ သာသနာတော်နှစ်၂၃၈၆ခုနှစ်၊ ခရစ်နှစ်၁၈၄၃ခုနှစ်တွင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ မင်းတုန်းမင်းတရားကြီးသည် ရွှေကျင်ဆရာတော်ကို အလွန်ပင်ကြည်ညိုအားကိုးတော်မူသည်။

ရွှေကျင်ဆရာတော်ကြီးသည် သက်တော်၃၈နှစ်အရွယ်တွင် မဟာဓမ္မိကာရာမ ရွှေကျင်တိုက်ကြီးကိုလက်ခံ အုပ်ချုပ်တော်မူခဲ့သည်။ ရွှေကျင်ဆရာတော်ကြီးသည် မိမိ၏ တပည့်ရဟန်း သာမဏေတို့ကို ဝိနည်းတော်နှင့်အညီ ကျင့်သုံးခြင်းဖြင့် ကိုယ်အမူအရာ၊ နှုတ်အမူအရာ ယဉ်ကျေးကြည်ညိုဖွယ်ရာဖြစ်အောင် ဆုံးမတော်မူသဖြင့် ရွှေကျင်ဆရာတော်၏ ဆုံးမဩဝါဒများကို လိုက်နာကျင့်သုံးသူ များပြားလာခဲ့သည်။ ရွှေကျင်ဆရာတော်ကြီး၏ တပည့်များ အနေအထိုင်သိက္ခာ ကျစ်လျစ်သိပ်သည်းခြင်းကြောင့် အများကြားတွင် ကြည်ညိုဖွယ်ရာ ထင်ရှားလာခြင်းက ရွှေကျင်နိကာယကို စတင်ပေါ်ထွန်းစေခဲ့ခြင်း ဖြစ်သည်။

ရွှေကျင်ဆရာတော်၏ ဘွဲ့အမည်မှာ ဇာဂရမထေရ်ဖြစ်သည်။ မြို့၌နေရသော ရဟန်းအဖြစ်ကို ရှက်ရွံ့ငြီးငွေ့တော်မူသဖြင့် မင်းနေပြည်တော်မှ အလွန်မဝေးကွာလှသော တောအရပ်၌ တောနေ အရညဝါသီအဖြစ် သီတင်းသုံးတော်မူခဲ့သည်။ ထို့သို့ အရညဝါသီအဖြစ် သီတင်းသုံးနေထိုင်တော်မူစဉ်တွင် သီရိလင်္ကာသို့ ကြွရောက်တော်မူခဲ့ခြင်းဖြစ်သည်။

သီရိလင်္ကာမှ မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိသောအခါ သီရိလင်္ကာသား သံဃာတော်များ၏ လျှောက်ထားတောင်းပန်ချက်ကြောင့် လင်္ကာသာသနဝိသုဒ္ဓိကထာကျမ်းကို သာသနာတော်နှစ်၂၄၂၃ခုနှစ်၊ ခရစ်နှစ်၁၈၈၀တွင် ရေးသားပြီးစီး၍ သီရိလင်္ကာသို့ ပေးပို့လှူဒါန်းခဲ့သည်။

ရွှေကျင်ဆရာတော်ကြီး၏ သီရိလင်္ကာသာသနာပြုခရီးသည် အမရပုရနိကာယဂိုဏ်းဝင် သံဃာများအကြား ရွှေကျင်နိကာယမျိုးစေ့ကို စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ရန်ကုန်မြို့ မဟာဓမ္မဒီပိကာရာမကျောင်းတိုက်ကြီး၏ ပဓာနနာယကဖြစ်တော်မူသော ဆရာတော်ကြီး၏တပည့် အရှင်ဝိနယာလင်္ကာရသည် သီရိလင်္ကာနိုင်ငံသို့ စွယ်တော်မြတ် ဖူးမြော်ရန် ကြွရောက်တော်မူခဲ့သည်။ ထိုအရှင်အား မစ္စတာဒီဂုဏဝဓန အပုဟာမိနှင့် ဝလိဂမ်ပေတ္တိယမှ ဒကာများက ဝါဆိုနိုင်ရန်အတွက် ရှာငါးရွာအလယ်တွင် ကျောင်းတစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့သည်။ ထိုကျောင်းသည် သီရိဝိနယာလင်္ကာရ ရွှေကျင်နိကာယ မြန်မာဘုန်းကြီးကျောင်းဟု ထင်ရှားလာသည်။ ဝါဆိုခါနီးကာလတွင် မြန်မာနိုင်ငံမှ ဆရာတော် ဦးဇိနမထေရ် ကြွရောက်တော်မူလာပြီး သာသနာတော်နှစ် ၂၄၄၉ခုနှစ်၊ ခရစ်နှစ်၁၉၀၆ခုနှစ် ဇန်နဝါရီလ၈ရက်နေ့တွင် သီရိလင်္ကာနိုင်ငံ ရွှေကျင်နိကာယ၏ ပထမဦးဆုံး ရဟန်းတော်များအဖြစ် လူငယ်၂၇ ယောက်တို့ကို ဥပသမ္ပဒကံဆောင်၍ ရဟန်းဘောင်သို့ ရောက်စေသည်။ ထိုနေ့ကိုပင် သီရိလင်္ကာ၌ ရွှေကျင်နိကာယပေါ်ထွန်းလာသောနေ့အဖြစ် အသိအမှတ် ပြုထားကြသည်။

သာသနာတော်နှစ် ၂၄၃၉ခု၊ ခရစ်နှစ်၁၈၉၆ခုတွင် သာမဏေရှင်အရန်ဂလသိရီဓမ္မသည် သီဟိုဠ်ကျွန်း၌ မီးဘေးသင့်၍ တိမ်ကောပျောက်ကွယ်နေသော ပဋ္ဌာန်းပါဠိတော်အချို့ကို ကူးယူရန်ရောက်ရှိလာသော ဘုန်းတော်ကြီးများနှင့်အတူ မြန်မာနိုင်ငံ မန္တလေး မဟာဝိသုဒ္ဓါရုံတိုက် ဆရာတော်ဘုရားကြီး အထံတော်သို့ လိုက်ပါလာခဲ့သည်။ သာမဏေသိရီဓမ္မသည် မန္တလေးမှအပြန် ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက်၌ ကျောင်းတော်ရာဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ သီဟိုဠ်သို့ပြန်ကြွသော ဘုန်းတော်ကြီးများနှင့်အတူ လိုက်ပါမသွားတော့ဘဲ မြန်မာပြည်၌ပင် ပဋိကတ်စာပေ ဆက်လက်သင်ကြားရင်း နေရစ်ခဲ့သည်။

အရှင်သိရီဓမ္မသည် ရဟန်းဖြစ်သည့်အချိန်မှစ၍ မြန်မာနိုင်ငံ၌ ကျော်စောထင်ရှားသော ဆရာတော်များအထံ ချဉ်းကပ်ကာ ပိဋကတ်တော်များကို သင်ယူခဲ့သည်။ မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးသည် အရှင်သိရီဓမ္မအတွက် ကျေးဇူးဥပကာရအများဆုံးသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ဆရာတော်ကြီးသည် အရှင်သိရီဓမ္မအား ပရိယတ္တိဘက်မှာရော ပဋိပတ္တိဘက်မှာပါ ထူးချွန်အောင် သင်ပြတော်မူသည့်အပြင် ပစ္စည်းလေးပါးဖြင့်လည်း ချီးမြှင့်ထောက်ပံ့တော်မူသည်။

ဆရာတော် ကဟာဋပီတိယ သုမတိပါလနာယကထေရ်သည် သာသနာတော်နှစ် ၂၄၅၆ခု၊ ခရစ်နှစ်၁၉၁၃ခု၌ သာမဏေဘဝဖြင့် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဝါယာမ(စမ်းချောင်း) အထံ၌ ဥပသမ္ပဒကံဆောင် ရဟန်းဘောင်သို့ ရောက်ရှိခဲ့သည်။

မြန်မာနှင့်သီရိလင်္ကာနှစ်နိုင်ငံတို့အကြား၌ ဘာသာရေးဆိုင်ရာ စာပေနှင့်ယဉ်ကျေးမှုတို့ အပြန်အလှန် ကျေးဇူးပြုကြကာ ချစ်ကြည်ရင်းနှီးမှု ခိုင်မာခဲ့ကြ၏။ သီရိလင်္ကာနိုင်ငံ ဗုဒ္ဓသာသနာတော်သည် မြန်မာနိုင်ငံ၏ အားပေးကူညီမှု၊ သီရိလင်္ကာသား ရဟန်းရှင်လူ ဗုဒ္ဓဘာသာဝင်တို့၏ နိုးကြားတက်ကြွမှု၊ အမျိုးဘာသာ သာသနာမကွယ်ပျောက်ရလေအောင် ကာကွယ်စောင့်ရှောက်မှုတို့ကြောင့် ရပ်တည်ရှင်သန်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ချမ်းမြသာစည်မြို့နယ် ၆၂လမ်း၊ သိပ္ပံလမ်းနှင့် မန္တလေး–ပြင်ဦးလွင် မီးရထားသံလမ်းကြား ကတ္တရာလမ်းသစ်ဖွင့် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၇

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၆၂လမ်း၊ သိပ္ပံလမ်းနှင့် မန္တလေး–ပြင်ဦးလွင် မီးရထားသံလမ်းကြား ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ၁၀ရက် နံနက်၈နာရီက အဆိုပါကတ္တရာလမ်းသစ်နှင့် မီးရထားလမ်းရှိ မုခ်ဦး၌ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကြည်သိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးမောင်ပုက လမ်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ရပ်ကွက်နေပြည်သူများကိုယ်စား ဦးကျော်ဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်တို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးက တိုင်းမှူးနှင့်မြို့တော်ဝန်တို့အား လမ်းဖွင့်ပွဲအထိမ်းအမှတ်အလံများကို ပေးအပ်ပြီး တိုင်းမှူးနှင့်ဧည့်သည်များသည် ကတ္တရာလမ်းသစ်တစ်လျှောက် ကြည့်ရှုကြသည်။

အကုန်အကျခံဖောက်လုပ်ခဲ့

အဆိုပါလုပ်ငန်းကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက တာဝန်ယူဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး လမ်းအလျား၉၉၄၂ပေ၊ လမ်းအကျယ်၄၈ပေရှိ၍ စုစုပေါင်းငွေကျပ်၂၈၃၅သိန်းကျော် အကုန်အကျခံဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် တိုင်းမှူးသည် မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ရုံး၌ကျင်းပသည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲသို့တက်ရောက်၍ အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ဆက်လက်၍ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်းက အမှာစကားပြောကြားပြီး ဥက္ကဋ္ဌဒေါ်သန်းသန်းညွှန့်က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး အတွေ့အကြုံများကို ထပ်ဆင့်ရှင်းလင်း ပြောကြားသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် အဖွဲ့ဝင်များက အမျိုးသမီးရေးရာအဖွဲ့ ရှေ့လုပ်ငန်းစဉ်များကို အသီးသီးဆွေးနွေးကြပြီး နာယကဒေါ်ခင်ပြုံးဝင်းက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ကျန်းမာရေးအသိပညာပေး ဟောပြောပွဲအခမ်းအနားကို ဖေဖော်ဝါရီ၃ရက်က မောင်တောမြို့ သီရိမင်္ဂလာခန်းမ၌ကျင်းပသည်။

ရှင်းလင်းဟောပြော

ရှေးဦးစွာ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းနုက အမှာစကားပြောကြားပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောသည်။

ဟောပြော

ဆက်လက်၍ မောင်တောခရိုင် ပြည်သူ့ဆေးရုံမှသားဖွားမီးယပ်အထူးကုဆရာဝန် ဒေါက်တာအောင်ဇော်ညွှန့်က အမျိုးသမီးများနှင့် ကျန်းမာရေးအကြောင်းကိုလည်းကောင်း၊သမားတော်ကြီး ဒေါက်တာစိုင်းဘုန်းကျော်က အိပ်ချ်အိုင်ဗွီနှင့် အေအိုင်ဒီအက်စ်ရောဂါအကြောင်းကိုလည်းကောင်း၊ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်မြတ်မြတ်မိုးက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၏ ဆောင်ရွက်ချက်များ အကြောင်းကိုလည်းကောင်း အသီးသီးဟောပြောကြသည်။

ယင်းနောက် အမျိုးသမီးရေးရာ အဖွဲ့ဝင်အဆိုပြုလွှာ ၁၄၄၅ စောင်ကို မောင်တောခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ပြုံးက ရခိုင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ဝင်းဝင်းနုထံ ပေးအပ်ပြီး **(အပေါ်ပုံ)** ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က မောင်တောမြို့နယ် စေတနာညကျောင်းသို့ လှူဒါန်းသော ဗလာစာအုပ်ဒါဇင် ၁၀၀၀ နှင့် ဘောပင်အချောင်း ၁၀၀၀ တို့ကို ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေက ပေးအပ်သည်။

စကားဝိုင်းဆွေးနွေး

ထို့နောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များသည် တောင်ပြိုလက်ဝဲမြို့သို့ သွားရောက်ပြီး အခြေခံပညာအထက်တန်းကျောင်း၌ အသိပညာပေးဟောပြောပွဲများကျင်းပပြီး ကျောင်းသားကျောင်းသူများအတွက် ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ကျောင်းသုံးဗလာစာအုပ်ဒါဇင် ၁၀၀၀၊ ဘောပင်အချောင်း ၁၀၀၀ တို့ကို လှူဒါန်းပြီး ဒေသခံပြည်သူလူထု၊ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၁၃၆၇ခုနှစ် (၂၀၀၆ခုနှစ်) တွင် ကျင်းပမည့် ဓမ္မာစရိယစာမေးပွဲ အချိန်စာရင်း

ရက်စွဲ	အချိန်	ဘာသာ
၁၃၆၇ခုနှစ် နှောင်းတန်ခူးလဆန်း၆ရက် ၃–၄–၂၀၀၆ရက်(တနင်္လာနေ့)	မွန်းတည့်၁၂နာရီမှ ညနေ၄နာရီအထိ	ကျမ်းရင်း ပါရာဇိကကဏ္ဍ ပါဠိအဋ္ဌကထာ(၁)
၁၃၆၇ခုနှစ် နှောင်းတန်ခူးလဆန်း၇ရက် ၄–၄–၂၀၀၆ရက်(အင်္ဂါနေ့)	၎င်း	၎င်း (၂)
၁၃၆၇ခုနှစ် နှောင်းတန်ခူးလဆန်း၈ရက် ၅–၄–၂၀၀၆ရက်(ဗုဒ္ဓဟူးနေ့)	၎င်း	သီလက္ခန္ဓဝဂ္ဂ ပါဠိအဋ္ဌကထာ(၁)
၁၃၆၇ခုနှစ် နှောင်းတန်ခူးလဆန်း၉ရက် ၆–၄–၂၀၀၆ရက်(ကြာသပတေးနေ့)	၎င်း	၎င်း (၂)
၁၃၆၇ခုနှစ် နှောင်းတန်ခူးလဆန်း၁၀ရက် ၇–၄–၂၀၀၆ရက်(သောကြာနေ့)	၎င်း	ဓမ္မသင်္ဂဏီ ပါဠိအဋ္ဌကထာ(၁)
၁၃၆၇ခုနှစ် နှောင်းတန်ခူးလဆန်း၁၁ရက် ၈–၄–၂၀၀၆ရက်(စနေနေ့)	၎င်း	၎င်း (၂)
၁၃၆၇ခုနှစ် နှောင်းတန်ခူးလဆန်း၁၃ရက် ၁၀–၄–၂၀၀၆ရက်(တနင်္လာနေ့)	၎င်း	မြန်မာဂုဏ်ထူး ပါစိတျာဒိ ပါဠိအဋ္ဌကထာ သုတ်မဟာဝါ၊ သုတ်ပါထိက ပါဠိအဋ္ဌကထာ မဇ္ဈိမနိကာယ ပါဠိအဋ္ဌကထာ သံယုတ္တနိကာယ ပါဠိအဋ္ဌကထာ အင်္ဂုတ္တရနိကာယ ပါဠိအဋ္ဌကထာ ဝိဘင်္ဂါဒိ ပါဠိအဋ္ဌကထာ ပဋိသမ္ဘိဒါမဂ္ဂ ပါဠိအဋ္ဌကထာ
၁၃၆၇ခုနှစ် နှောင်းတန်ခူးလဆန်း၁၄ရက် ၁၁–၄–၂၀၀၆ရက်(အင်္ဂါနေ့)	၎င်း	ပါဠိဂုဏ်ထူး ပါစိတျာဒိ ပါဠိအဋ္ဌကထာ (၁) သုတ်မဟာဝါ၊သုတ်ပါထိက ပါဠိအဋ္ဌကထာ (၁) ဝိဘင်္ဂါဒိ ပါဠိအဋ္ဌကထာ (၁)
၁၃၆၇ခုနှစ် နှောင်းတန်ခူးလပြည့် ၁၂–၄–၂၀၀၆ရက်(ဗုဒ္ဓဟူးနေ့)	၎င်း	ပါစိတျာဒိ ပါဠိအဋ္ဌကထာ (၂) သုတ်မဟာဝါ၊သုတ်ပါထိက ပါဠိအဋ္ဌကထာ (၂) ဝိဘင်္ဂါဒိ ပါဠိအဋ္ဌကထာ (၂)

ပြည်ထောင်စုနေ့ဂုဏ်ပြု လမ်းသစ်များဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် နမ္မတူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ပန်ဟိုက်ရပ် ချယ်ရီလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက်က ကျင်းပသည်။

အလားတူ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မူဆယ်မြို့ ဟိုနားရပ်ကွက် ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ရက်တွင် ဟိုနားရပ်ကွက်၌ကျင်းပရာ မူဆယ်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဗိုလ်မှူးရဲလင်းဦးနှင့် မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးရန်နိုင် တို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(သတင်းစဉ်)**

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ရန်ကုန်အရှေ့ပိုင်းခရိုင် စက်မှုဇုန်များ၊ကုန်ထုတ်ပစ္စည်းပြခန်းများ ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်က ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် အားကစားကွင်းတွင် ကျင်းပရာ ရန်ကုန်အရှေ့ ပိုင်းခရိုင်ဥက္ကဋ္ဌ အရှေ့ပိုင်းခရိုင် စက်မှုဇုန် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်က ပြခန်းအကောင်းဆုံး ပထမဆုရ တောင်ဒဂုံစက်မှုဇုန် (၂)စီမံ ခန့်ခွဲရေးဥက္ကဋ္ဌ ဦးအောင်မြင့်အား ဆုချီးမြှင့်စဉ်။ (က–ပ)

ပေးအပ်လှူဒါန်း

အင်းစိန်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက အင်းစိန် စိန်ရတနာ နာရေးကူညီမှုအသင်းသို့ အလှူငွေကျပ် ၅၀၀၀၀ ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးမြသင်းနှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။ (ဝ၄၆)

စံပြမူကြို ဆရာအတတ်ပညာရေးသင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန စံပြမူကြို ကြီးကြပ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သော စံပြမူကြိုဆရာအတတ်ပညာရေး သင်တန်းအပတ်စဉ်(၈)ဖွင့်ပွဲကို ဖေဖော်ဝါရီ၁၆ ရက် နံနက်၈နာရီက ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ပြည်လမ်းရှိ အဆိုပါဦးစီးဌာန ရုပ်ရှင်ခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် စံပြမူကြို ကျောင်းအုပ်ကြီး ဦးမြင့်ဟန်က မူကြိုဆရာအတတ်ပညာရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ မူကြိုဆရာအတတ်ပညာရေးသင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် စပ်လျဉ်း၍ လည်းကောင်း အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် လူမှုဝန်ထမ်းဦးစီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်းရေးဆွဲထားသည့် မူကြိုပညာရေးနည်းပညာ သင်ရိုးများနှင့်အညီ နေ့စဉ်နံနက်၉နာရီမှ ညနေ၄နာရီအထိ (တနင်္ဂနွေနေ့မပါ) ဖေဖော်ဝါရီ၁၆ ရက်မှစ၍ မတ်(၁၁)ရက်အထိ စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်ရာ သင်တန်းသား သင်တန်းသူ ၁၂၀ တို့ တက်ရောက်ကြသည်။ အလားတူ စံပြမူကြိုဆရာအတတ်ပညာရေးသင်တန်း အပတ်စဉ် (၉)ကို မတ် ၁၆ ရက်မှ ဧပြီ ၈ ရက်အထိဆက်လက်ဖွင့်လှစ်မည်ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့လက်ရွေးစင်နှင့် လူငယ်လက်ရွေးစင်အသင်းများ ဖွဲ့စည်းမည်
လက်ရွေးစင်ဘောလုံးအသင်း နည်းပြများရွေးချယ်တာဝန်ပေးအပ်

သတင်းဆောင်းပါး – ကိုထွေး

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့ဘောလုံးအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် ၂၀၀၆ ခုနှစ်အတွင်း ကျင်းပမည့် အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများတွင် အဆင့်မြင့်မြင့်ပါဝင်ယှဉ်ပြိုင်ရန်ရည်ရွယ်လျက် မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်း၊ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းများ နှင့် သက်တမ်းအလိုက် လူငယ်လက်ရွေးစင်ဘောလုံးအသင်းများကို ပြန်လည်ရွေးချယ်ဖွဲ့စည်း၍ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ စခန်းသွင်းလေ့ကျင့်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။



အသက်(၁၉)နှစ်အောက် မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်း နည်းပြ ဦးဝင်းမြင့်သွင် (မြို့တော်စည်ပင်)။
(မြန်မာ့အလင်း)

ထိုသို့စခန်းသွင်းလေ့ကျင့်ပေးရာတွင် လက်ရွေးစင်ဘောလုံးအသင်းများအတွက် အရည်အချင်းပြည့်ဝသော ဘောလုံးနည်းပြဆရာများ ရွေးချယ်တာဝန်ပေးအပ်နိုင်ရေးအတွက် ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၁၇ ရက်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် လက်ရွေးစင်ဘောလုံးနည်းပြဆရာများ တာဝန်ပေးအပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့သည်။ယခုအခါလက်ရွေးစင်ဘောလုံးအသင်း နည်းပြဆရာများ ရွေးချယ်ခန့်ထားရေး အစည်းအဝေးမှ ရွေးချယ်ထားသည့် ဘောလုံးနည်းပြဆရာများစာရင်းကို တရားဝင်ထုတ်ပြန် ကြေညာကာ သက်ဆိုင်ရာမိခင်ဌာနများသို့လည်း အကြောင်းကြားစာပေးပို့ထားပြီးဖြစ်သည်။

ယခုရွေးချယ်ခန့်ထားလိုက်သည့် လက်ရွေးစင်ဘောလုံးအသင်းနည်းပြဆရာ ၁၇ ဦးအနက် တစ်ဦးသာလျှင် နိုင်ငံခြားသားနည်းပြဖြစ်ပြီး ကျန်နည်းပြများမှာ ပြည်တွင်းနည်းပြများသာဖြစ်ကြသည်။ အသက်(၂၃) နှစ်အောက် လက်ရွေးစင်အသင်းအတွက် နည်းပြလေးဦး၊ အသက်(၂၀)အောက်လက်ရွေးစင်အသင်းအတွက် နည်းပြလေးဦး၊ အသက်(၁၇)နှစ်အောက် လက်ရွေးစင်အသင်းအတွက် နည်းပြလေးဦး၊ အမျိုးသမီးလက်ရွေးစင်အသင်းအတွက် နည်းပြနှစ်ဦး၊ အသက်(၁၉)နှစ်အောက် အမျိုးသမီးလက်ရွေးစင်အသင်းအတွက် နည်းပြနှစ်ဦးနှင့် အမျိုးသမီးလက်ရွေးစင်အသင်းများအတွက် တာဝန်ခံ တစ်ဦးစုစုပေါင်း ၁၇ဦး ဖြစ်သည်။

ယူ (၂၃)လက်ရွေးစင်

အသက် (၂၃)နှစ်အောက်လက်ရွေးစင်အသင်းတွင် နည်းပြအဖြစ် ဦးဆန်းဝင်း၊ လက်ထောက်နည်းပြများအဖြစ် ဦးကြည်လွင်နှင့် ဦးအောင်နိုင်၊ ဂိုး–နည်းပြအဖြစ် ဦးမျိုးချစ်တို့အား တာဝန်ပေးအပ်ထားသည်။

ဦးဆန်းဝင်းသည် မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်းတစ်ဦးဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဖြစ်သည်။ ဘောလုံးကစားစဉ်က နောက်တန်းကစားသမားတစ်ဦးဖြစ်ခဲ့ပြီး သန်းတိုးအောင်၊ မျိုးလှိုင်ဝင်းတို့နှင့် ခေတ်ပြိုင်ကစားသမားဖြစ်သည်။ မန္တလေးတိုင်းအသင်း၊ ဆောက်လုပ်ရေးအသင်းတို့ကို နည်းပြအဖြစ် တာဝန်ယူခဲ့သည်။ အာဆီယံချန်ပီယံ မြန်မာ (ယူ–၂၀)အသင်းကို နည်းပြချုပ် ဦးတင်ဟန်နှင့်အတူ ပူးတွဲတာဝန်ယူခဲ့သည်။

ဦးကြည်လွင်သည် မြန်မာ့လက်ရွေးစင်ဘောလုံးကစားသမားဟောင်းတစ်ဦးဖြစ်ပြီး ရန်ကုန်မြို့တော်စည်ပင်မှဖြစ်သည်။ ပြီးခဲ့သည့် တိုက်ဂါးဖလားဘောလုံးပြိုင်ပွဲနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတို့တွင် နည်းပြချုပ် အိုင်ဗင်ကိုလက်ဗ်၏ လက်ထောက်နည်းပြအဖြစ် ဆောင်ရွက်ခဲ့သည်။ အာဆီယံချန်ပီယံ (ယူ–၁၇)အသင်းနှင့် အာဆီယံချန်ပီယံ(ယူ–၁၈)အသင်းတို့ကိုလည်း နည်းပြချုပ် ဦးတင်ဟန်နှင့်အတူ ပူးတွဲ တာဝန်ယူခဲ့သည်။ အလယ်တန်းမှ ကစားကွက် ဖော်သည့် ကွင်းလယ် ဖန်တီးရှင်တစ်ဦးဖြစ်ပြီး ဘောလုံးအခြေခံ ကျွမ်းကျင်ပိုင်နိုင်သည်။

ဦးအောင်နိုင်သည် မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်း တိုက်စစ်မှူးတစ်ဦးဖြစ်ပြီးဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှဖြစ်သည်။ဘဏ္ဍာ/အခွန်ဘောလုံး အသင်း၌ ပါဝင်ကစားခဲ့ပြီး ရှေ့တန်း ကစားသမားတစ်ဦး ဖြစ်သည်။ ဘဏ္ဍာ/အခွန်လူငယ်အသင်းကို နည်းပြအဖြစ်တာဝန်ယူဆောင်ရွက်ခဲ့သည်။

ဦးမျိုးချစ်သည် မြန်မာ့လက်ရွေးစင် ဂိုးသမားဟောင်းတစ်ဦးဖြစ်ပြီး ရန်ကုန်မြို့တော်စည်ပင်မှ ဖြစ်သည်။ ဆောက်လုပ်ရေးအသင်း၌ ဂိုးဖမ်းခဲ့ပြီးနောက်ပိုင်း၌ မြို့တော်စည်ပင်အသင်းသို့ ပြောင်းရွှေ့ခဲ့သည်။ ယခုကဲ့သို့ တာဝန်ပေးအပ်ခြင်းမခံရမီအထိ မြို့တော်စည်ပင်အသင်း၏ ဂိုးနည်းပြအဖြစ် ဆောင်ရွက်ခဲ့သည်။

(ယူ–၂၀)လက်ရွေးစင်

အသက်(၂၀)အောက် မြန်မာလူငယ် ဘောလုံးအသင်းတွင် နည်းပြအဖြစ် Mr. Rodoy Minkovski၊ လက်ထောက်နည်းပြများအဖြစ် ဦးမျိုးဝင်းနှင့် ဦးစိုးမိုး၊ ဂိုးနည်းပြအဖြစ် ဦးအောင်ကျော်ကျော်တို့ကို တာဝန်ပေးအပ်ထားသည်။

Mr.Rodoy Minkovskiသည် ဘူလ်ဂေးရီးယားလူမျိုးဖြစ်ပြီး မြန်မာနိုင်ငံသို့ရောက်ရှိခဲ့သည်မှာ တစ်နှစ်ခန့်သာရှိသေးသည်။ ယခင်က ဦးခင်မောင်တင့်နှင့်အတူ အသက်(၁၇)နှစ်အောက် မြန်မာလူငယ်အသင်းကို ပူးတွဲတာဝန်ယူခဲ့သည်။ မြန်မာ(ယူ–၁၇)အသင်းကို အကြံပေးအဖြစ်သာ ဆောင်ရွက်ခဲ့ခြင်းဖြစ်၍ ၎င်း၏ အရည်အချင်းကို မှတ်ကျောက်တင်ခွင့်မရသေးဘဲရှိရာ မြန်မာ(ယူ–၂၀)အသင်းကို မည်မျှအောင်မြင်အောင် ဆောင်ရွက်နိုင်မည်ကိုစောင့်ကြည့်ရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်း နည်းပြ ဦးအေးကြူကြီး (ကာကွယ်ရေး)။
(မြန်မာ့အလင်း)

ဦးမျိုးဝင်းသည် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးသမားဟောင်း အလယ်တန်းလူတစ်ဦးဖြစ်ပြီး စွမ်းအင်ဝန်ကြီးဌာနမှဖြစ်သည်။ ယခင်က လက်ရွေးစင်ဘောလုံးနည်းပြ အဖြစ် တာဝန်ပေးအပ်ခြင်းမခံရဘဲ ယခုပထမဆုံးအကြိမ် လက်ရွေးစင်ဘောလုံးအသင်းနည်းပြဖြစ်လာခြင်းဖြစ်သည်။ အဆင့်မြင့်တန်းပြိုင်ပွဲများ၌ စွမ်းအင်အသင်းကို အသင်းကြီး တစ်သင်းအဖြစ် မားမားမတ်မတ် ရပ်တည်နိုင်အောင် တာဝန်ယူ နည်းပြခဲ့သည်။ စွမ်းအင်အသင်းသည် အဆင့်မြင့်တန်းအသင်းများအနက်ကစားကွက်ကောင်းမွန်ပြီး ကိုယ်ပိုင်ကစားဟန်ရှိသောအသင်းတစ်သင်းဖြစ်ရာ ဦးမျိုးဝင်း၏ နည်းပြအရည်အချင်းကို ပြသနိုင်ခြင်းပင်ဖြစ်သည်။

ဦးစိုးမိုးသည် ပဏာမလက်ရွေးစင်ဘောလုံးသမားတစ်ဦးဖြစ်ခဲ့ပြီး ယခင်ကုန်သွယ်ရေးအသင်း၌ ပါဝင်ကစားခဲ့သည်။ ၁၉၈၅ ခုနှစ် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်းဘောလုံးပြိုင်ပွဲတွင် ရန်ကုန်တိုင်းအသင်း ဗိုလ်စွဲစဉ်က အသင်းခေါင်းဆောင်အဖြစ် ကစားခဲ့သည်။ နောက်တန်းအတွင်းလူအဖြစ် ကစားခဲ့ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှဖြစ်သည်။ အာဆီယံ(ယူ–၂၀)ချန်ပီယံ မြန်မာလူငယ်အသင်းကို နည်းပြချုပ် ဦးတင်ဟန်၊ ဦးဆန်းဝင်းတို့နှင့်အတူ ပူးတွဲတာဝန်ယူဆောင်ရွက်ခဲ့သည်။

(ယူ–၁၇)လက်ရွေးစင်

အသက်(၁၇)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင် အသင်းတွင် နည်းပြအဖြစ် ဦးခင်မောင်တင့်၊ လက်ထောက်နည်းပြများအဖြစ် ဦးကျော်လွင်နှင့် ဦးဇော်လေးအောင်၊ ဂိုးနည်းပြအဖြစ် ဦးထွန်းတင့်အောင်တို့ကို တာဝန်ပေးအပ်ထားသည်။

ဦးခင်မောင်တင့်သည်မြန်မာ့လက်ရွေးစင်တိုက်စစ်မှူးဟောင်းတစ်ဦး ဖြစ်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဖြစ်သည်။ ယခင်အိုလံပစ်လူငယ်အသင်း၊ မြန်မာ(ယူ–၂၀)အသင်းတို့ကို နည်းပြအဖြစ် ဆောင်ရွက်ခဲ့သည်။ မြန်မာ(ယူ–၁၇)အသင်းကို ၂၀၀၅ ခုနှစ်မှာပင် တာဝန်ယူခဲ့ပြီး အာရှ(ယူ–၁၇) ခြေစစ်ပွဲအောင်မြင်ရန် စွမ်းဆောင်နိုင်ခဲ့သည်။ ပို့ဆောင်ရေးအသင်း နည်းပြဆရာအဖြစ်လည်း ဆောင်ရွက်ခဲ့သည်။ ယခုနောက်ဆုံးတာဝန်ပေးအပ်ခြင်းခံရသည့်နည်းပြဆရာများအနက် အသက်အကြီးဆုံး နည်းပြတစ်ဦးဟု ဆိုနိုင်သည်။

ဦးကျော်လွင်သည် မြန်မာ့လက်ရွေးစင်ဟောင်း နောက်တန်းလူတစ်ဦးဖြစ်သည်။ ကာကွယ်ရေးဝန်ကြီးဌာနမှဖြစ်ပြီး ကာကွယ်ရေးဝန်ကြီးဌာနဘောလုံးအသင်း နောက်တန်း၌ ပါဝင်ကစားခဲ့သည်။ နည်းပြဦးခင်မောင်တင့်နှင့်တွဲဖက်၍ မြန်မာ(ယူ–၁၇) အသင်းကို တာဝန်ယူခဲ့သည်မှာ အာရှလူငယ်ခြေစစ်ပွဲ မတိုင်မီကပင် ဖြစ်သည်။

ဦးဇော်လေးအောင်သည် မြန်မာ့လက်ရွေးစင်ဟောင်း နောက်တန်းလူတစ်ဦးဖြစ်သည်။ ယခင် ကာကွယ်ရေးဝန်ကြီးဌာနမှဖြစ်ပြီး ယခုအခါ အားကစားဝန်ကြီးဌာနသို့ ပြောင်းရွှေ့ခဲ့ပြီဖြစ်သည်။ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်း၊ ရန်ကုန်တိုင်းအသင်းတို့ကို လက်ထောက်နည်းပြအဖြစ် ဆောင်ရွက်ခဲ့သည်။ ဦးခင်မောင်တင့်၊ ဦးကျော်လွင်တို့နှင့်အတူ မြန်မာ(ယူ–၁၇)အသင်းကို တာဝန်ယူခဲ့သည်မှာ အာရှလူငယ်ခြေစစ်ပွဲ မယှဉ်ပြိုင်မီကပင် ဖြစ်သည်။

ဦးထွန်းတင့်အောင်သည် မြန်မာ့လက်ရွေးစင်ဂိုးသမားဟောင်းတစ်ဦးဖြစ်ပြီး ကာကွယ်ရေးဝန်ကြီးဌာနမှဖြစ်သည်။ မြန်မာလူငယ်အသင်းများနှင့် မြန်မာအမျိုးသမီး လက်ရွေးစင်အသင်းတို့၏ ဂိုးနည်းပြအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဌာနဘောလုံးအသင်းနှင့် တပ်မတော်(ကြည်း)အသင်းတို့၏ ဂိုးနည်းပြအဖြစ်လည်း ဆောင်ရွက်ခဲ့သည်။

အမျိုးသမီးလက်ရွေးစင်

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းတွင် နည်းပြအဖြစ် ဦးအေးကြူကြီး၊ လက်ထောက်နည်းပြအဖြစ် ဦးတင်မျိုးအောင်တို့ကို တာဝန်ပေးအပ်ထားသည်။

ဦးအေးကြူကြီးသည် မြန်မာ့လက်ရွေးစင်ဟောင်း နောက်တန်းလူတစ်ဦးဖြစ်ပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဖြစ်သည်။ မြန်မာ(ယူ–၂၀) အသင်းကို နည်းပြ ဦးခင်မောင်တင့်နှင့် ပူးတွဲတာဝန်ယူခဲ့ဖူးသည်။ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဘောလုံးအသင်းကို ကာကွယ်ရေးဦးစီးချုပ်ဖလားဘောလုံးပြိုင်ပွဲ၌ သုံးကြိမ်ဆက်တိုက် ဗိုလ်စွဲအောင် စွမ်းဆောင်နိုင်ခဲ့သည်။ ပဲခူးတိုင်းအသင်းကို တာဝန်ယူခဲ့ရာ အကြိုဗိုလ်လုပွဲ တက်ရောက်ခဲ့သည်။ ယခုကဲ့သို့ တာဝန်ပေးအပ်ခြင်းမခံရမီ ကာကွယ်ရေးဝန်ကြီးဌာနအသင်း၏ နည်းပြအဖြစ် ဆောင်ရွက်လျက်ရှိသည်။

ဦးတင်မျိုးအောင်သည် မြန်မာ့လက်ရွေးစင်ဟောင်းဖြစ်ပြီး ပြည်ထဲရေး ဝန်ကြီးဌာနမှဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်း၌ အလယ်တန်းနှင့် ရှေ့တန်းနှစ်နေရာကစားခဲ့ပြီး တင်မြင့်အောင်၊ မောင်မောင်ဦးတို့နှင့် ခေတ်ပြိုင်ဖြစ်သည်။ ရန်ကုန်တိုင်းအသင်းကို နည်းပြအဖြစ်သုံးနှစ်ဆက်တိုက်တာဝန်ယူခဲ့ရာ ပထမနှစ်၌ ပြည်ထောင်စုဒိုင်းရရှိခဲ့ပြီး ဒုတိယနှစ်၌ ဒုတိယအဆင့် အုပ်စုမှထွက်ခဲ့ရသည်။ပြီးခဲ့သည့်ပြိုင်ပွဲ၌ ပထမအဆင့် အုပ်စုမှပင်ထွက်ခဲ့ရသည်။ သွေးသစ်လူငယ်အသင်း၏နည်းပြအဖြစ်လည်း တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။

အသက်(၁၉)နှစ်အောက် မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်း လက်ထောက်နည်းပြ ဦးအုန်းကြိုင် (စက်မှု–၁)။
(မြန်မာ့အလင်း)

(ယူ–၁၉)အမျိုးသမီးအသင်း

အသက်(၁၉)နှစ်အောက် မြန်မာအမျိုးသမီးအသင်းတွင် နည်းပြအဖြစ် ဦးဝင်းမြင့်သွင်၊ လက်ထောက်နည်းပြအဖြစ် ဦးအုန်းကြိုင်တို့ကို တာဝန်ပေးအပ်ထားသည်။ ဦးဝင်းမြင့်သွင်သည် ကချင်ပြည်နယ် လက်ရွေးစင်ဖြစ်ခဲ့ပြီး ဆောက်လုပ်ရေးအသင်း၊ မြို့တော်စည်ပင်အသင်းတို့၌ ပါဝင်ကစားခဲ့သည်။ မြို့တော်စည်ပင် အမျိုးသမီးဘောလုံးအသင်း၏နည်းပြအဖြစ် တာဝန်ယူခဲ့ပြီး ရန်ကုန်မြို့တော်စည်ပင်မှ ဖြစ်သည်။ ဘောလုံးကစားစဉ်က နောက်တန်းလူအဖြစ် ကစားခဲ့သည်။

ဦးအုန်းကြိုင်သည် စက်မှု(၁) ဘောလုံးအသင်း၌ ကစားခဲ့ပြီး စက်မှု(၁)အသင်း၏ နည်းပြအဖြစ်လည်း ဆောင်ရွက်ခဲ့သည်။ အမှတ် (၁)စက်မှုဝန်ကြီးဌာနမှဖြစ်ပြီး ဘောလုံးကစားစဉ်က အလယ်တန်းလူအဖြစ် ကစားခဲ့သည်။ အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးအသင်းကို ဦးဝင်းမြင့်သွင်နှင့်တွဲဖက်၍ ၂၀၀၅ခုနှစ်ကပင် တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

တာဝန်ခံ

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းများ၏တာဝန်ခံအဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အမှုဆောင် နည်းစနစ်ညွှန်ကြားရေးမှူး ဦးစိုးမြင့်လွင်အား တာဝန်ပေးအပ်ထားသည်။ ဦးစိုးမြင့်လွင်သည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အငြိမ်းစားယူခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၌အချိန်ပြည့်တာဝန်ထမ်းဆောင်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်းဖြစ်ပြီး လျှပ်စစ်စွမ်းအားအသင်း၌လည်းကစားခဲ့သည်။ဘောလုံးသမားဘဝကထူးချွန်စွာကစားနိုင်ခဲ့ပြီး နည်းပြအဖြစ် ဆောင်ရွက်ရာတွင်လည်း အောင်မြင်ခဲ့သည်။ ကချင်ပြည်နယ်၌ အင်ဂျင်နီယာမှူးကြီးအဖြစ် တာဝန်ကျစဉ်က ကချင်ပြည်နယ်အသင်း အောင်မြင်ရေးအတွက် ပံ့ပိုးကူညီခဲ့သူဖြစ်သည်။ ။

(မြန်မာ့အလင်း)

စွန်ရဲအသင်းက လယ်ယာ/ဆည်မြောင်းကို အနိုင်ရ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၅–၂၀၀၆ ခုနှစ် ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ စွန်ရဲအသင်းက လယ်ယာ/ဆည်မြောင်းအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယခုနှစ်ဘောလုံးရာသီမှ အဆင့်မြင့်တန်းသို့ တက်ရောက်လာသော စွန်ရဲအသင်းသည် တစ်ပွဲထက်တစ်ပွဲ ခြေစွမ်းပြလျက်ရှိရာ ယနေ့ပွဲစဉ်၌လည်း ခြေစွမ်းပြကစားခဲ့ပြီး အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ စွန်ရဲအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲချိန် ၆၆ မိနစ်တွင် စထက်နိုင်ဝင်းက သွင်းယူပေးသည်။

ရထားပို့ဆောင်ရေးနိုင်

လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ရထားပို့ဆောင်ရေးအသင်းနှင့် တပ်မတော်(ကြည်း) အသင်းတို့ ယှဉ်ပြိုင်ကစားရာ ရထားပို့ဆောင်ရေးအသင်းက လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ပွဲ

ဖေဖော်ဝါရီ၁၈ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် အောင်ဆန်း အားကစားပြိုင်ကွင်း၌ ဘဏ္ဍာ/အခွန်အသင်းနှင့် ဆောက်လုပ်ရေးအသင်း၊ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် မြို့တော်စည်ပင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ချယ်လ်ဆီး၏အရှုံး နည်းပြ မော်ရင်ဟို ဝန်ခံပြီ

ဘာသာပြန်သူ–မြင့်စိုး

လန်ဒန် ဖေဖော်ဝါရီ ၁၇

ချယ်လ်ဆီးအသင်းက မစ်ဒယ်ဘရော့အသင်းအား သုံးဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခြင်းသည် ထိုက်တန်သော ရှုံးနိမ့်ခြင်းပင်ဖြစ်ကြောင်း ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက သဘောထားကြီးစွာဖြင့် ဝန်ခံလိုက်သည်။

တတိယမြောက်အရှုံး

ပရီမီယာရှစ်ချန်ပီယံ ချယ်လ်ဆီးအသင်းသည် ဖေဖော်ဝါရီ ၁၁ရက်က ရစ်ဗားဆိုက်မစ်ဒယ်ဘရော့ကွင်း၌ သုံးဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ယင်းရှုံးနိမ့်မှုသည် မော်ရင်ဟို ချယ်လ်ဆီးအသင်းအား မန်နေဂျာအဖြစ်တာဝန်ယူစဉ် ၆၄ပွဲတွင် တတိယမြောက်အရှုံးဖြစ်သည်။

သို့ရာတွင် ပေါ်တူဂီ မန်နေဂျာ မော်ရင်ဟိုက ထိုရှုံးနိမ့်မှုကို ရှုံးသင့်သည့် အရှုံးဖြစ်ကြောင်း ဝန်ခံပြောကြားလိုက်သည်။

မှတ်တမ်းတင်

ချယ်လ်ဆီအသင်း၏ ၁၈ ပွဲဆက်တိုက်ရှုံးပွဲမရှိစံချိန်သည် မစ်ဒယ်ဘရော့နှင့်ပွဲတွင် ရပ်တန့်သွားခဲ့ရသည်။ မော်ရင်ဟိုက သူစတန်းဖို့ဘရစ်တွင် ချယ်လ်ဆီးမန်နေဂျာအဖြစ် တာဝန်ယူသည့် လပေါင်း ၂၀အတွင်း ပရီမီယာရှစ်တွင် ၎င်းပွဲသည် အဆိုးရွားဆုံးဖြစ်ကြောင်းမှတ်တမ်းတင်လိုက်သည်။

မော်ရင်ဟို၏ မန်နေဂျာသက်တမ်းတစ်လျှောက် ယင်းကဲ့သို့ ရှုံးနိမ့်မှုမျိုး ၂၀၀၂ခုနှစ်က ပေါ်တိုအသင်းတွင် လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်က ဘင်ဖီကာအသင်းတွင် လည်းကောင်း ကြုံတွေ့ခဲ့ရဖူးသည်။

မိမိတို့အသင်းသည် မန်စီးတီးနှင့် မန်ချက်စတာယူနိုက်တက်အသင်းတို့ကို တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်သော အရှုံးပွဲများမှာ ထိုက်တန်သည့် အရှုံးများမဟုတ်ဘဲ မစ်ဒယ်ဘရော့အသင်းကို ရှုံးနိမ့်ခြင်းမှာ ထိုက်တန်သည့် အရှုံးဖြစ်ကြောင်း၊ ထို့ထက်ပင် ရှုံးသင့်ကြောင်း မော်ရင်ဟိုက ဝန်ခံပြောဆိုသည်။

မစ်ဒယ်ဘရော့ အသင်းသည် ချယ်လ်ဆီးနှင့် မကစားမီက အက်စ်တွန်ဗီလာအသင်းကို လေးဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ချယ်လ်ဆီးနည်းပြ မော်ရင်ဟို။

ပွဲချိန် ၇၈မိနစ်တွင် ရှိချန်ဘတ်သည် ဒေါင်းနင်း၊ ယာကူဘူတို့နှင့်အတူ မစ်ဒယ်ဘရော့အသင်းအတွက် စတုတ္ထမြောက်ဂိုးသွင်းရာတွင် ဂိုးဝင်လုဆဲဆဲဖြစ်ခဲ့ရသည်။

မော်ရင်ဟိုက သူ၏အသင်းသားများအား အားသွန်ခွန်စိုက်မကစားနိုင်သည်ကို အပြစ်တင်ခဲ့သည်။ ယင်းရှုံးနိမ့်မှုကြောင့် ချယ်ဆီးအသင်းသည် ပြိုင်ဘက်အသင်းများကို ၁၂မှတ်အသာဖြင့် ဦးဆောင်နိုင်တော့သည်။

မိမိတို့အသင်းသည် အမှားများလာသဖြင့် ဖလားရရှိရေး ဦးတည်ရည်မှန်းချက်များမှာ အနှောင့်အယှက်ဖြစ်လာကြောင်းလည်း မော်ရင်ဟိုက ပြောကြားသည်။ ပွဲအပြီးတွင် ကစားသမားများအား စကားတစ်ခွန်းမျှ မပြောလိုကြောင်း၊ အနိုင်မရ၍ မပျော်ရွှင်နိုင်ကြောင်း၊ ကစားသမားများကိုလည်း အားပေးစကား မပြောခဲ့ကြောင်း၊ အိမ်ပြန်ပြီး ဗီဒီယိုသာကြည့်လိုကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ဒီပွဲဟာ ချယ်လ်ဆီးမန်နေဂျာအဖြစ်တာဝန်ယူစဉ် တတိယမြောက် အရှုံးကြီးရှုံးတဲ့ပွဲဖြစ်ပါတယ်။ ဒီပွဲမှာ သင်ကိုယ်တိုင် အချာဆုံးပွဲလို့ပြောမှာ သေချာတယ်" ဟု မော်ရင်ဟိုက ဆိုသည်။

မကာကွယ်နိုင်

ဒုတိယမြောက်ဂိုးမှာ မပေးသင့်ဘဲ ပေးလိုက်ရတဲ့ ဘောလုံးဖြစ်ကြောင်း၊ မိမိအသင်းသားများ ကောင်းကောင်းမကာကွယ်နိုင်ကြောင်း ပြောကြားသည်။

မစ်ဒယ်ဘရော့အသင်းမှာ အရာရာကို ကာကွယ်နိုင်ပြီး တန်းဆင်းဇုန်ကို ကာကွယ်ပြီး တစ်ဆင့်ပင်တက်လာကြောင်း၊ ဒုတိယပိုင်းတွင် မစ်ဒယ်ဘရော့ အသင်းသားများ ချယ်လ်ဆီးတို့၏ တိုက်စစ်ကို ၁၀ ယောက်ဖြင့် ကာကွယ်နေသည်ကိုလည်းတွေ့ရကြောင်း၊ သူတို့ဟာ ထိုက်တန်သော သုံးမှတ်ကို ရရှိသင့်ပြီး မိမိတို့သာအပြစ်နှင့် ထိုက်တန်ကြောင်း ၎င်းက ပြောကြားသည်။

မိမိအသင်းသားများ ပွဲအစမှာပင် နေးကွေးနေ၍ တစ်ဂိုးအသွင်းခံရကြောင်း၊ ဒုတိယဂိုးမှာ မိုက်မဲစွာ ဂိုးပေးလိုက်ရခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

မစ်ဒယ်ဘရော့တို့ ချယ်လ်ဆီးကို အနိုင်ရလိုက်သဖြင့် တန်းဆင်းဇုန်မှ လွတ်မြောက်သွားခဲ့ပေသည်။

ကိုးကား–စထရိတ်တိုင်း(မ်)

ကမ္ဘာ့တစ်လွှား အားကစား

ယူအီးအက်ဖ်အေ ဘောလုံးပွဲများယှဉ်ပြိုင် မစ်ဒယ်ဘရော့က စတုဂတ်အသင်းကိုနိုင်

လန်ဒန် ဖေဖော်ဝါရီ ၁၇

ယူအီးအက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲများကို ဖေဖော်ဝါရီ၁၆ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ မစ်ဒယ်ဘရော့အသင်းက စတုဂတ်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့်နိုင်ပြီး နောက်ဆုံး ၁၆သင်းပြိုင်ပွဲသို့ တက်သွားသည်။

စတုဂတ်အသင်းသည် မစ်ဒယ်ဘရော့အသင်းမှ ဟက်ဆယ်ဘိမ့် ဖွင့်ဆော်ဦးဂိုးမသွင်းမီ ပွဲအစတွင် အကောင်းဆုံးကစားနိုင်ခဲ့သည်။ ဟက်ဆယ်ဘိမ့်က မစ်ဒယ်ဘရော့အသင်းအတွက် ဖွင့်ဆော်ဦးဂိုးကို ပွဲချိန် မိနစ်၂၀တွင် သွင်းယူခဲ့သည်။ မစ်ဒယ်ဘရော့အသင်းအတွက် ဒုတိယမြောက်အနိုင်ဂိုးကို ဒုတိယပိုင်းစပြီး တစ်မိနစ်အကြာတွင် သွင်းယူခဲ့သည်။ သို့ရာတွင် ပွဲပြီးရန်မိနစ်ပိုင်းအလိုတွင် စတုဂတ်အသင်းမှ ဂျူဘိုဂျာက အလွတ်တည်ကန်ဘောမှတစ်ဆင့် သွင်းယူသွားခဲ့သည်။

ယူအီးအက်ဖ်အေဘောလုံးပြိုင်ပွဲတွင် စတုဂတ်အသင်းနှင့် မစ်ဒယ်ဘရော့တို့ပွဲစဉ်၌ မစ်ဒယ်ဘရော့မှ ဂျော့ဘိုတန် (ဝဲ) ၏ ယှဉ်ပြိုင်ကစားမှုကိုတွေ့ရစဉ်။

ပွဲစသည်နှင့် မစ်ဒယ်ဘရော့ဂိုးသမား ရှဝါဇာ သေချာပေါက်တစ်ဂိုးကို ကာကွယ်ပေးလိုက်နိုင်သည်။ ဂိုးဝင်ခါနီးတွင် မစ်ဒယ်ဘရော့ နောက်တန်းမှ ဆော့ဂိတ်အချိန်မီ ဖျက်ထုတ်လိုက်သဖြင့် မစ်ဒယ်ဘရော့အသင်း အသာရခဲ့ခြင်းဖြစ်သည်။

ဖွင့်ဆော်ဦးဂိုး

သို့ရာတွင် မစ်ဒယ်ဘရော့အသင်းမှ ဟက်ဆယ်ဘိမ့်က ၎င်းအသင်းအတွက် ဖွင့်ဆော်ဦးဂိုး သွင်းပေးနိုင်ခဲ့သည်။

စတုဂတ်အသင်းမှ ဒုတိယပိုင်းတွင် ပြန်လည်တိုက်စစ်ဆင် ကစားလာသည်။ မစ်ဒယ်ဘရော့နောက်တန်းကို အသင်းခေါင်းဆောင်ဆိုဒိုက ခြိမ်းခြောက်ကစားလာသည်ကို တွေ့ရသည်။ ဟက်ဆယ်ဘိမ့်က ဒုတိယပိုင်းတွင် သုံးဂိုး–ဂိုးမရှိဖြင့် စတုဂတ်အသင်းကို အနိုင်ရအောင် သွင်းယူရန်ကြိုးစားသော်လည်း စတုဂတ် ဂိုးသမား ဟီဒါဘရင်း ဖျက်ထုတ်ကာကွယ်နိုင်ခဲ့သည်။

ပွဲပြီးရန် ၅မိနစ်အလိုတွင် မစ်ဒယ်ဘရော့ ဂိုးသမား ရှဝါဇာ စတုဂတ်တိုက်စစ်မှူး ဂျူဘိုဂျာ ခေါင်းတိုက်သွင်းယူသည်ကို လုပစွာ ဖမ်းယူနိုင်ခဲ့သည်။

အခြားပွဲများအနိုင်အရှုံး

အက်စ်စီသွန်း	**တစ်ဂိုး**	**–**	**ဟမ်းဘတ်**	**ဂိုးမရှိ**
ဘေဆယ်	**တစ်ဂိုး**	**–**	**မိုနာကို**	**ဂိုးမရှိ**
ဘော်လ်တန်	**ဂိုးမရှိ**	**–**	**မာဆေး**	**ဂိုးမရှိ**
ကလပ်ဘရပ်	**တစ်ဂိုး**	**–**	**ရိုးမား**	**နှစ်ဂိုး**
ရှိစင်ဘော့	**ဂိုးမရှိ**	**–**	**စိန့်ပီတာစဘတ်**	**နှစ်ဂိုး**
ရှော်လ်ကေး	**နှစ်ဂိုး**	**–**	**အက်စ်ပန်ညို**	**တစ်ဂိုး**
အူဒီးနိစ်	**သုံးဂိုး**	**–**	**လန်းစ်**	**ဂိုးမရှိ။**

(အင်တာနက်)

မလေးရှား အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဦးဆောင်နေသော ဂျင်မီနက်၏ ယှဉ်ပြိုင်ကစားဟန်။

မလေးရှားအိုးပင်းဂေါက်ပြိုင်ပွဲဖွင့်လှစ် စပိန်မှ ဂျင်မီနက်နှင့် ထိုင်းမှ ဝီရာချန့်ဦးဆောင်

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၁၇

မလေးရှားအိုးပင်းဂေါက်သီးရိုက်အားကစားပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၁၇ရက်က စတင်ကျင်းပရာ စပိန်မှ ဂျက်မီနက်က ရှစ်ချက်လျှော့ရိုက်ကာ ပြိုင်ဘက်များကို ဦးဆောင်နေသည်။

ဂျင်မီနက်သည် ပထမနေ့တွင် ၆၄ချက်သာ ရိုက်ပြီး သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျှော့ရိုက်ထားသည်။

ထိုင်းမှ ဝီရာချန့်က ခုနစ်ချက်လျှော့ရိုက်ကာ ဒုတိယနေရာမှ လိုက်နေသည်။ အင်္ဂလန်မှ ရစ်ချတ်ဖင့်ချ်၊ ဝေလမှ ဂါရီဟူစတွန်၊ အိုင်ယာလန်သား ဂါရီမာဖီနှင့် အီတလီမှ ဖရန်ဘက်ကိုမိုလီနာရီတို့သည် ခြောက်ချက်စီလျှော့ရိုက်ပြီး တတိယနေရာလိုက်နေသည်။

အိုင်ယာလန်မှ ပဒရိတ်ဟာရင်တန်သည် အဆိုပါပြိုင်ပွဲတွင် ၆၉ချက်ရိုက်ခဲ့သည်။

၆၃ဦး ပါဝင်ကစား

အဆိုပါ မလေးရှားအိုးပင်းဂေါက်ရိုက်ပြိုင်ပွဲတွင် အဖွင့်ပွဲစဉ်၌ ဂေါက်သီးကစားသမားပေါင်း ၆၃ဦး ပါဝင်ကစားခဲ့ကြောင်း သိရသည်။

ဂျင်မီနက်သည် ရိုင်ဒါဖလားချန်ပီယံဖြစ်ပြီး ထိုင်းမှ ဝီရာချန့်သည် အာရှတိုးပြိုင်ပွဲဖြစ်သည့် မာရစ်ပြိုင်ပွဲတွင် အနိုင်ရထားသူဖြစ်သည်။

အင်တာနက်

ကမ္ဘာ့အချမ်းသာဆုံး ဘောလုံးအသင်း ရီးရဲမက်ဒရစ်က မန်ယူထံမှလွှဲပြောင်းယူ

လန်ဒန် ဖေဖော်ဝါရီ ၁၇

ရီးရဲမက်ဒရစ် အသင်းသည် ကမ္ဘာ့အချမ်းသာဆုံး ဘောလုံးအသင်းအဖြစ် မန်ချက်စတာယူနိုက်တက်အသင်းထံမှ လွှဲပြောင်းယူလိုက်သည်။

မန်ချက်စတာ ယူနိုက်တက်အသင်းသည် ရှစ်နှစ်တာ ကမ္ဘာ့အချမ်းသာဆုံး ဘောလုံးအသင်းအဖြစ် ရပ်တည်ခဲ့ရာမှ၂၀၀၄–၂၀၀၅ဘောလုံးရာသီတွင် ဝင်ငွေရရှိမှုပေါ် အခြေခံလျက် ကမ္ဘာ့အချမ်းသာဆုံး ဘောလုံးအသင်း၏ ဒုတိယနေရာသို့ ရောက်ရှိသွားသည်။

ရီးရဲမက်ဒရစ်အသင်း၏ ဝင်ငွေမှာ လွန်ခဲ့သောငါးနှစ်က နှစ်ဆဖြစ်လာသည်။ ဒေးဗစ်ဘက်ခမ်း၏ တီရှပ်များရောင်းချရာမှ ဝင်ငွေတိုးလာသည်ဟု ဆိုသည်။

ကမ္ဘာ့အချမ်းသာဆုံးဘောလုံးအသင်း၂၀တွင် အင်္ဂလန်မှ ဘောလုံးအသင်းကိုးသင်းပါဝင်သည်။လီဗာပူးအသင်းသည် ချန်ပီယံလိဂ်တွင် ဗိုလ်စွဲခဲ့ပြီးနောက် နံပါတ်(၈)နေရာသို့ ခုန်တက်လာသည်။ ချယ်လ်ဆီးအသင်းသည် ပြီးခဲ့သော ရာသီက ပေါင်သန်း ၁၄၀ရှုံးသော်လည်း နံပါတ် (၅)နေရာတွင် ရောက်ရှိနေသည်။

မန်ချက်စတာ ယူနိုက်တက်အသင်းအား အမေရိကန်မှ မက်ကွန်းဂလေဇာက ဝယ်ယူပြီးနောက် အချမ်းသာဆုံးဘောလုံးအသင်း နေရာမှ ဒုတိယနေရာ ရောက်သွားခြင်းဖြစ်သည်။ မန်ယူတို့သည် ထို့အရင်နှစ်က ပေါင် ၁၇၁ဒသမ ၅ သန်းဝင်ငွေရခဲ့ရာမှ ပြီးခဲ့သည့်နှစ်က ဝင်ငွေပေါင် ၁၆၆ ဒသမ ၄ သန်းသာ ဝင်ခဲ့သည်။



ရီးရဲမက်ဒရစ်အသင်းမှ ဘက်ခမ်းနှင့် ကစားဖော်များ အောင်ပွဲခံ ပျော်မြူးနေစဉ်။

ကမ္ဘာ့အချမ်းသာဆုံးဘောလုံးအသင်းများ

၁။	ရီးရဲမက်ဒရစ် ဝင်ငွေ	ပေါင် ၁၈၆.၂သန်း
၂။	မန်ချက်စတာယူနိုက်တက်	ပေါင် ၁၆၆.၄ သန်း
၃။	အေစီမီလန်	ပေါင် ၁၅၈ သန်း
၄။	ဂျူဗင်တပ်စ်	ပေါင် ၁၅၄.၉ သန်း
၅။	ချယ်လ်ဆီး	ပေါင် ၁၄၉.၁ သန်း
၆။	ဘာစီလိုနာ	ပေါင် ၁၄၀.၄ သန်း
၇။	ဘေယန်မြူးနစ်	ပေါင် ၁၂၈ သန်း
၈။	လီဗာပူး	ပေါင် ၁၂၂.၄သန်း
၉။	အင်တာမီလန်	ပေါင် ၁၁၉.၇သန်း
၁၀။	အာဆင်နယ်	ပေါင် ၁၁၅.၇သန်း
၁၁။	ရိုးမား	ပေါင် ၈၉ သန်း
၁၂။	နယူးကာဆယ်	ပေါင် ၈၇.၁ သန်း
၁၃။	စပါး	ပေါင် ၇၀.၆ သန်း
၁၄။	ရှော်လ်ကေး	ပေါင် ၆၅.၈ သန်း
၁၅။	လီယွန်	ပေါင် ၆၂.၇ သန်း
၁၆။	ဆဲလ်တစ်	ပေါင် ၆၂.၆ သန်း
၁၇။	မန်စီးတီး	ပေါင် ၆၀.၉ သန်း
၁၈။	အဲဗာတန်	ပေါင် ၆၀ သန်း
၁၉။	ဗလင်စီယာ	ပေါင် ၅၇.၂ သန်း
၂၀။	လာဇီယို	ပေါင် ၅၆.၁ သန်း။

(အင်တာနက်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်း လုပ်ငန်းဆောင်ရွက်ချက် သုံးသပ် အဖွဲ့ဝင်အဆိုပြုလွှာများ တောင်ငူ၌ပေးအပ်

တောင်ငူ ဖေဖော်ဝါရီ ၁၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယ အကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး ထပ်ဆင့် ရှင်းလင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက တောင်ငူမြို့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေး ခန်းမဆောင်၌ ကျင်းပရာ ပဲခူးတိုင်း အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်စဝ်နွန်းခွန်ဆမ်က အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မော်မော်က ၂၀၀၅ ခုနှစ် ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်း ဆောင်ရွက်ချက်အစီရင်ခံစာအပေါ် သုံးသပ်တင်ပြပြီး အဖွဲ့အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်လှက စည်းရုံးရေး၊ ဘဏ္ဍာရေးနှင့် နှစ်သိမ့်ဆွေးနွေးပညာပေးဌာနများ ဖွင့်လှစ်ရခြင်း၏ ကဏ္ဍများကို ရှင်းလင်း ဆွေးနွေးသည်။

အဆိုပြုလွှာပေးအပ်

ဆက်လက်၍ တောင်ငူခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းမြက အဖွဲ့ဝင်အဆိုပြုလွှာ ၂၀၀၀ကို ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်စဝ်နွန်းခွန်ဆမ်ထံသို့ ပေးအပ်သည်။

(၃၀၃)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြု ရွှေကျင်မြို့နယ် ရတနာရွှေပြည် ကတ္တရာလမ်းသစ်ဖွင့်

ရွှေကျင် ဖေဖော်ဝါရီ ၁၃

ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရတနာရွှေပြည် ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက် မွန်းလွဲ၁နာရီက ယင်းလမ်းမုခ်ဦးရှေ့၌ ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦးက လမ်းနှင့်ပတ်သက်သည့် အကြောင်းအရာများ၊ ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက လမ်းဖွင့်ပွဲအထိမ်းအမှတ်အလံကို ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုသို့ ပေးအပ်သည်။

ထို့နောက် ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွေးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

အဆိုပါ ရတနာရွှေပြည် ကတ္တရာလမ်းသစ်သည် အရှည် ပေ ၃၉၀၀၊ အကျယ် ၁၂ပေရှိပြီး ထောက်ပံ့ငွေကျပ် ၁၂၅ သိန်းဖြင့် ကုန်ကျခံကာ ဆောင်ရွက်ခဲ့သော လမ်းဖြစ်သည်။ **(မြို့နယ် စည်ပင်)**

ဖလမ်းမြို့ အထကကျောင်းသားများ ပညာရည်မြင့်မားရေး သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်း

ဖလမ်း ဖေဖော်ဝါရီ ၆

ချင်းပြည်နယ် ဖလမ်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် ၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် ဖလမ်းမြို့ အခြေခံပညာ အထက်တန်းကျောင်းသားများ ပညာရည်မြင့်မားရေးနှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးက လှူဒါန်းသည့် သင်ထောက်ကူပစ္စည်းပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၀ရက် နံနက် ၁၁ နာရီခွဲက ဖလမ်းခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးဌေးအောင်နှင့်အဖွဲ့၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသူ ကျောင်းသားများ တက်ရောက် ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးအောင်က အမှာစကား ပြောကြားပြီးတိုင်းမှူးက လှူဒါန်းသော သင်ထောက်ကူပစ္စည်းများကို မြို့နယ် ပညာရေးမှူးသို့ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပေါက်ခေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော အလက ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ် စည်ပင်)

ခံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး ရှင်းလင်း

မုံရွာ ဇန်နဝါရီ ၂၂

၂၀၀၅ ခုနှစ် မိုးရာသီ ဘဏ်ချေးငွေ ကောက်ခံရေး လုပ်ငန်း ညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီ ၁၀ရက် နံနက် ၈နာရီက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် စစ်ကိုင်းတိုင်းဘဏ်ခွဲ မုံရွာမြို့တွင်ကျင်းပသည်။

အခမ်း အနားတွင် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက ၂၀၀၅ ခုနှစ် မိုးရာသီ ဘဏ်ချေးငွေ ကောက်ခံရေးလုပ်ငန်းများနှင့် ဇီဝဒီဇယ်ဆီအတွက် ခံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးရေးနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး မှာကြားပြီး လက်ထောက် အထွေထွေ မန်နေဂျာ ဦးစိန်လှထွန်းနှင့် ပြည်နယ်/တိုင်း မန်နေဂျာများကလုပ်ငန်းဆိုင်ရာများ ဆွေးနွေးရာ ခရိုင်နှင့် မြို့နယ် မန်နေဂျာများက ပြန်လည် တင်ပြကြသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့အသံ

၁၉-၂-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မောရသုတ်နှင့် ဝဋ္ဋသုတ်)

နေ့လယ်ပိုင်း

- ၁၀း၀၀ သိပ္ပံအကြောင်း သိကောင်းစရာ (သိပ္ပံနှင့် နည်းပညာတိုးတက်မှုအကြောင်း-သိပ္ပံမှူးတင်)
- ၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (ကျိုင်းတုံမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအကြောင်း)
- ၁၁း၃၀ မေတို့တွက်တာအလှကမ္ဘာ (ဖြူနီညိုပြာစိမ်းဝါတွေ ခြယ်သောအခါ)
- ၁၂း၀၀ ကလေးများ၏ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ
- ၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (ခန့်ထည်သော ဆွဲငင်အားကို မေ့နိုင်စွမ်းရှိပါရစေရှင်)
- ၁၃း၁၀ ယဉ်ကျေးမှုအနုပညာ (မြန်မာ့ရိုးရာလွန်းရာကျော်ချိတ်လုပ်ငန်းအကြောင်းဆွေးနွေးခန်း)

ညနေပိုင်း

- ၁၇း၀၀ ဟဒယရွှင်ဆေး (လူရွှင်တော် နေကျော်၊ ဒီလုံး၊ ကစ်ကစ်တို့၏ ဟဒယရွှင်ဆေး-ဒုတိယပိုင်း)
- ၁၇း၁၅ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (မြန်မာအမည် ထင်ပေါ်ခြင်း-မောင်ဆုရှင်)
- ၁၇း၃၀ သူ့အလှည့် (ဇော်ထွန်းသိမ်း)
- ၁၈း၄၅ အာယုနှင့် သာစုဆွေးနွေးခန်း
- ၁၉း၁၅ အနုပညာရှင်များနှင့် ဆွေးနွေးခန်း (ယနေ့တိုင် ကျော်ကြားနေသော ရေဒီယိုအဆိုကျော်များ) (အပိုင်း-၂)
- ၂၀း၃၀ English Lesson Working Knowledge

မကွေးမြို့နယ် ထွေ/အုပ်ရုံး မြွေအန္တရာယ် အသက်အာမခံ အကျိုးခံစားခွင့်ပေးအပ်

မကွေး ဖေဖော်ဝါရီ ၉

မကွေးတိုင်း မြန်မာ့အာမခံလုပ်ငန်း၏ မြွေအန္တရာယ် အသက်အာမခံ အကျိုးခံစားခွင့်ပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၁ ရက်က မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အကျိုးခံစားခွင့်ပေးအပ်

အခမ်းအနားတွင် မကွေးတိုင်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်က အမှာစကားပြောကြားပြီး မြန်မာ့အာမခံလုပ်ငန်း တိုင်းတာဝန်ခံ ဒေါ်မေသန္တာက မြွေအန္တရာယ်အသက်အာမခံ အကျိုးခံစားခွင့်ရှိသူ ၁၄ ဦးအတွက် အကျိုးခံစားခွင့် ငွေကျပ် ၁၉၆၀၀၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)(ခရိုင် ပြန်/ဆက်)**

ပျော်ဘွယ် မြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် စိုက်ခင်းတွင် မီးဖိုချောင်သုံး ဟင်းသီးဟင်းရွက်များ စိုက်ပျိုးနေမှုကို ဖေဖော်ဝါရီ ၇ ရက်က အမှုဆောင် အရာရှိ ဦးတင်ဝင်း ကြီးကြပ် ဆောင်ရွက်ပေးစဉ်။
(မြို့နယ် စည်ပင်)

မူဆယ်မြို့ ရွှေပြည်သာမြို့သစ်တံတားမှ မြို့ပတ်လမ်းအထိ ကတ္တရာလမ်းသစ်ခင်း

မူဆယ် ဖေဖော်ဝါရီ ၁၃

မူဆယ်မြို့ ဟိုနားရပ်ကွက် ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက်က ကျင်းပရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးကျော်ဇေယျက လမ်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကတ္တရာလမ်းသစ်ဖွင့်ခြင်းအတွက် ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားသည်။

ယင်းနောက် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်ကြီး စိုးဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဗိုလ်မှူး ရဲလင်းဦးနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှု ဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးရန်နိုင်တို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အဆိုပါ ကတ္တရာလမ်းသစ် ပထမအပိုင်းမှာ ရွှေပြည်သာမြို့သစ်တံတားမှ ဟိုနားရပ်ကွက်မြို့ပတ်လမ်းအထိ အရှည် ပေ ၂၆၀၀၊ အကျယ် ၁၂ပေရှိပြီး စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေ ကျပ် ၁၀၃ သိန်းဖြင့်လည်းကောင်း၊ ဒုတိယအပိုင်းမှာ ရွှေပြည်သာမြို့သစ်တံတားမှ မြို့ပတ်လမ်းဟောင်းအထိ အရှည် ပေ ၁၀၀၀၊ အကျယ် ၁၀ ပေရှိပြီး စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေ ကျပ် ၂၆ သိန်း ဖြင့်လည်းကောင်း ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်သူ ဇန်နဝါရီ ၂၇ ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းမှုကို ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ဂန့်ဂေါခရိုင်မဂ္ဂဇင်း စာမူများ ပေးပို့နိုင်

ဂန့်ဂေါ ဖေဖော်ဝါရီ ၁၅

ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ဂန့်ဂေါခရိုင် (၁၀)နှစ်ပြည့်မြောက် အထိမ်းအမှတ် မဂ္ဂဇင်းကို ကဗျာ၊ ကာတွန်း၊ ဆောင်းပါး၊ ဝတ္ထုတိုနှင့် ဝတ္ထုရှည်တို့ဖြင့် ထုတ်ဝေရန် စီစဉ်လျက်ရှိသည်။ စာမူများကို ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင် ဖုန်း-၀၆၂-၅၀၀၄၀ သို့ မတ် ၁၀ ရက် နောက်ဆုံးထား၍ ပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (၂၇၃)

မော်လမြိုင်ကျွန်းမြို့နယ် မြို့မ(၃)လမ်း ကတ္တရာလမ်းသစ်ဖွင့် ငွေကျပ် ၁၅ သိန်းကျော် အကုန်အကျခံဆောင်ရွက်ခဲ့

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၂၂

(၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မော်လမြိုင်ကျွန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့ သော မြို့မ(၃)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်က အဆိုပါလမ်းသစ်မုခ်ဦးတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ပြည်သူများတက်ရောက်ကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မောင်တို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ ကတ္တရာလမ်းသစ်မှာ အရှည်ပေ ၄၂၀၊ အကျယ် ၁၂ပေရှိပြီး စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေကျပ် ၁၅၈၀၀၀၀ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

ရေစကြို မြို့မဈေးကြီး၌ မီးဘေးကာကွယ်ရေးနှိုးဆော်

ရေစကြို ဖေဖော်ဝါရီ ၂

ရေစကြိုမြို့ မြို့မဈေးကြီးအတွင်း ရှိ ဆိုင်ခန်းများအား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇန်နဝါရီ ၁၅ ရက်က ဈေးတာဝန်ခံ ဦးတင်ဝင်းနှင့် ဈေးတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထို့နောက် မီးလောင်ခြင်းကို အားပေးသော အမှိုက်သရိုက်များ၊ ဆွေးမြည့်နေသော သစ်သားများ၊ ဝါးများ ရှင်းလင်းကြခြင်းနှင့် လောင်စာဆီများ ရောင်းချခြင်းများ မပြုလုပ်ကြရန် ပညာပေး နှိုးဆော်ကြသည်။ (၂၅၁)

မိုးညှင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း စံပြမိခင်ပြိုင်ပွဲဆုရသူများ ဂုဏ်ပြုဆုချီးမြှင့်

မိုးညှင်း ဇန်နဝါရီ ၂၀

ကချင် ပြည်နယ် မိုးညှင်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် စံပြမိခင်ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ရက်က အသင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်အသင်းခွဲများမှ ဥက္ကဋ္ဌ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးပြိုင်ပွဲဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက် ရေး အသင်း ဥက္ကဋ္ဌ ဒေါ်ကြည်ရှိန်က ပြိုင်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကလေးကျန်းမာ၊ ကလေးအလှနှင့် စံပြမိခင်ပြိုင်ပွဲ ဆု ရ ကြ သူ များ အား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ (၁၅၂)

ဈေးဆိုင်ခန်းများ သန့်ရှင်းစွာရောင်းချရေး ကွင်းဆင်းစစ်ဆေး

မြစ်ကြီးနား ဇန်နဝါရီ ၂၈

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး၊ အမှတ်(၂) ဈေးနှင့် ရေစင်ကွင်းဈေးများတွင် ကျန်းမာသန့်ရှင်းရေးနှင့် ညီညွတ်စွာ ဈေးတည်ခင်း ရောင်းချမှု စည်းကမ်းတကျရှိစေရေး၊ ဈေးများအတွင်း ဈေးဆိုင်ခန်းများ အမှိုက်ပုံးများထားရှိ သုံးစွဲစေရေး၊ မီးဘေးလုံခြုံမှုရှိစေရေးနှင့် ပြည်သူများသို့ ကျန်းမာ သန့်ရှင်းလတ်ဆတ်သောသားငါး၊ဟင်းသီးဟင်းရွက်များ ရောင်းချစေရေးတို့ကို ဇန်နဝါရီ ၂၂ ရက်က မြို့နယ်ဦးစီးမှူးဦးခင်အောင်နီ၊ ဒုတိယဦးစီးမှူး(ဈေး)နှင့် ဝန်ထမ်းများ ဈေးအကျိုးဆောင်အဖွဲ့များနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့များက ကွင်းဆင်းစစ်ဆေးကြသည်။ **(မြို့နယ် စည်ပင်)**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန

(အောက်မြန်မာပြည်)

ရန်ကုန်အဝေးသင်တက္ကသိုလ်

e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

၂၀-၂-၂၀၀၆ (တနင်္လာနေ့)

- ❑ Teaching Business English (1,2)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ဆရာမများ
- ❑ Teaching Business English (3)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ဆရာမများ

၂၁-၂-၂၀၀၆ (အင်္ဂါနေ့)

- ❑ Teaching Literature Resource in Language Classrooms
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ဆရာမများ
- ❑ Promoting Reading Skills
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ဆရာမများ

၂၂-၂-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

- ❑ Teaching Listening Skills
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ဆရာမများ
- ❑ Developing Speaking Skills
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ဆရာမများ
- ❑ Developing Reading Skills
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ဆရာမများ

၂၃-၂-၂၀၀၆ (ကြာသပတေးနေ့)

- ❑ Developing Writing Skills
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ဆရာမများ
- ❑ Integrated Skills
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ဆရာမများ

၂၄-၂-၂၀၀၆ (သောကြာနေ့)

- ❑ Describing Places
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ဆရာမများ
- ❑ Talking About Families
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ဆရာမများ
- ❑ Expressing Likes and Dislikes
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ဆရာမများ

နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၂၅-၂-၂၀၀၆ (စနေနေ့)

- ❑ အဝေးသင်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

၂၆-၂-၂၀၀၆ (တနင်္ဂနွေနေ့)

- ❑ အဝေးသင်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေး၊ ကျောင်းသား ကျောင်းသူများနှင့် လမ်းသွားလမ်းလာများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ပလက်ဖောင်းခင်းခြင်းလုပ်ငန်းကို မြို့မအထက်တန်းကျောင်းရှေ့၌ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးအောင်ကိုကိုနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ရာ ဖေဖော်ဝါရီ ၁၃ ရက်က အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ပေးကြစဉ်။ (၀၆၄)

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ရဲနွယ်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများ စစ်ဆေး လုပ်ငန်းများသတ်မှတ်ချိန်ပြီးစီးအောင်ကြိုးပမ်းဆောင်ရွက်ရေးမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ ဖေဖော်ဝါရီ ၁၅ရက်တွင် ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် လှည်းဝိုင်းရွာအနီး တည်ဆောက်ထားသည့် ဘိုင်းဒါးရေလွှဲဆည်၏ ဆည်ရေသောက်စနစ် ပင်မရေပေးမြောင်းများ တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးသည်။

နွေစပါးစိုက်ပျိုး

ပင်မမြောင်းမကြီးသည် ၁၅မိုင်အရှည်ရှိပြီး ပေ၃၀ အကျယ်ရှိသည်။ ယခုအခါ ရေလွှဲဆည်မှ ပင်မမြောင်းမကြီး၏ လက်တံ(၁)အပိုင်းအထိ ရေပေးကာ ဒိုက်ဦးမြို့နယ်၌ နွေစပါး ၃၃၇၈ဧကနှင့် ညောင်လေးပင်မြို့နယ်၌ နွေစပါး ၅၂၃၃ဧက စိုက်ပျိုးလျက်ရှိသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✻

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်တွင် တည်ဆောက်နေသည့် ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်း၏ ပင်မတမံကို တွေ့ရစဉ်။ (လယ်ယာ/ဆည်မြောင်း)

အချိန်အခါမဟုတ်မိုးရွာနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

အနောက်ဘက်မှ ရွေ့လျားလာသောလေဖိအားနည်းရပ်ဝန်းကြောင့် ယနေ့နံနက်မှနောက်၄၈နာရီအတွင်း ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့၌ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။ (သတင်းစဉ်)

ဆူးလေစေတီတော် ဘက်စုံမွမ်းမံပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွင် ပါဝင်သည့် ထီးတော်ကြီးနှင့်ကိုယ်လုံးတော်ကြီးအား ရွှေစင်ရွှေပြား၊ မျက်ပါးရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်ရေးနှင့် အရံစေတီတော်များ ပြုပြင်မွမ်းမံရေး၊ မျက်ပါးရွှေသင်္ကန်းကပ်လှူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ဓာတ်ပုံ-သောင်းဝင်းဗိုလ်)

တိုင်းရင်းသားသွေးချင်းများ၏ ယဉ်ကျေးမှုဆိုင်ရာ မြင်ကွင်းအပုံပုံကို တစ်နေရာတည်း၌ ရှုမြင်ခံစားနိုင်သော ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

သတင်းဆောင်းပါး-လှစိန်၊ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

မြန်မာနိုင်ငံတွင် သမိုင်းအစဉ်အဆက် မှီတင်းနေထိုင်လျက်ရှိသော တိုင်းရင်းသား မောင်နှမများ၏ နေမှု၊ ထိုင်မှု ဓလေ့စရိုက်များကို တစုတဝေးတည်း တစ်နေရာတည်းမှာပင် လေ့လာသိရှိနိုင်ပြီး ပြည်ထောင်စုစိတ်ဓာတ် ပိုမိုဖြစ်ထွန်းလာစေရန်ရည်ရွယ်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာနက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကို ၂၀၀၂ခုနှစ် ဒီဇင်ဘာလ ၂၈ရက်၌ သာကေတမြို့နယ် သန်လျင်တံတားအနီးတွင် တည်ဆောက်ဖွင့်လှစ်ခဲ့သည်။

နန်းမြင့်မျှော်စင်

ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာရှိ နန်းမြင့်မျှော်စင်အား ဤသို့ ဝင့်ထည်စွာတွေ့ရသည်။ (အဆိုပါ နန်းမြင့်မျှော်စင်ပေါ်မှ ရန်ကုန်မြို့၏ ရှုခင်းကို ကြည့်ရှုခံစားနိုင်ကြသည်။)

ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအဝင်မုခ်ဦး

သာကေတမြို့နယ် သန်လျင်တံတားကြီးအနီးမှ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ အဝင်မုခ်ဦးအား တိုင်းရင်းသူများနှင့်အတူ ပန်းတင့်စွာ ဤသို့တွေ့ရသည်။

ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

အဝင်မုခ်ဦး

ပြည်ထောင်စု တိုင်းရင်းသား ကျေးရွာသို့ ဝင်လိုက်သည်နှင့် တိုင်းရင်းသား ညီနောင်သားချင်း မျိုးနွယ်စု ရှစ်စုကို ကိုယ်စားပြုသော တိုင်ကြီး ရှစ်တိုင်တို့သည် တစ်ဖက်လျှင် လေးတိုင်စီ အခြေပြုလျက် တစ်နေရာစီမှကောင်းကင်ယံသို့စုရုံးလာကြပြီး တိုင်းရင်းသားများ လက်တွဲဝန်းရံနေပုံဖြင့် အဝင်မုခ်ဦးကို ခံ့ညားထည်ဝါစွာ တွေ့မြင်လိုက်ရသည်။

ပြည်ထောင်စု တိုင်းရင်းသား ကျေးရွာ အပန်းဖြေ စခန်းတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသား ရှစ်စုတို့ အပြင်ရိုးရာအိမ်များ တည်ဆောက်ထားပြီး ထိုအိမ်များအတွင်း ရိုးရာ အသုံးအဆောင် ပစ္စည်းများကို ခင်းကျင်းပြသထားသည်။

စာမျက်နှာ ၇ ကော်လံ ၁ ❐

18-2 (20).p65 1 3/26/1905, 8:38 PM